# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တီထွင်မှုမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်


ပြည်တွင်းသတင်း စာ ၃


# ငါးသားပေါက်ရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ငါးဖမ်းလှေများအားလုံး လုပ်ငန်းများစတင်ရပ်နားထားပြီဖြစ်



မြိတ် ဇွန် ၁

ငါးသားပေါက်ရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ငါးဖမ်းလှေများအားလုံး ဇွန် ၁ ရက်မှ စတင်ကာ ငါးဖမ်းလှေအားလုံး လုပ်ငန်းရပ်နားပြီဖြစ်ပြီး ဝါလတ်(ဒရွတ်ဆွဲ) လှေကြီးများ ငါးသားပေါက်ရာသီတွင် ငါးဖမ်းခွင့် တောင်းခံထားသော်လည်း အစိုးရက ခွင့်ပြုချက်ပေးထားခြင်းမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ပိုင်းသို့ မုတ်သုံဝင်ရောက်လာပြီးနောက် ပင်လယ်ပြင်အတွင်း၌ လုပ်ငန်းခွင်ဝင်နေသည့် ငါးဖမ်းလှေမျိုးစုံမှာ ရာသီရပ်နားပြီဖြစ်သောကြောင့် ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လာကြပြီဖြစ်ကြောင်း သိရသည်။

"ကင်းမွန်ဝါတန်းတွေကတော့ ပုံမှန်အတိုင်း ပွင့်လင်းရာသီမှာပဲ ငါးဖမ်းကြတယ်။ ရေပေါ်ရေလယ် ငါးဖမ်းနည်းဖြစ်တယ်။ ပုံမှန်အားဖြင့် ၁၀ လပိုင်းလောက်ကနေ ၅ လပိုင်းကုန်အထိပဲ လုပ်ငန်းခွင်ဝင်ကြပါတယ်။ မိုးရာသီဆိုရင် လုပ်ငန်းရပ်နားကြတယ်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေက ငါးသားပေါက်ရာသီဖြစ်တဲ့အတွက် ငါးဖမ်းဆီးတာမျိုး မလုပ်သင့်ဘူး။


စာမျက်နှာ ၄ ကော်လံ ၁ ❖


# မုဒုံမြို့နယ်၌ ကြက်မောက်သီးများလှိုင်လှိုင်ထွက်ရှိပြီး ဈေးကောင်းရရှိ



မုဒုံ ဇွန် ၁

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး ပြည်နယ်ဖြစ်ရာ ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ် ကြက်မောက်သီးများ လှိုင်လှိုင်ထွက်ရှိကာ ယခင်နှစ်များထက် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

ကြက်မောက်ပင်များကို မြေအမျိုးအစား အများအပြားတွင် စိုက်ပျိုးနိုင်ပြီး ရေမဝပ်သောနေရာများ၌ စိုက်ပျိုးပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊


စာမျက်နှာ ၃ ကော်လံ ၁ ○


**ယနေ့ ဖတ် စ ရာ**

## အနာဂတ်ကမ္ဘာ စိမ်းလန်းစိုပြည်ဖို့ မြေသယံဇာတကို ပြန်လည်ထိန်းသိမ်းကြပါစို့


၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး စာ ၁၀


## ရန်ကုန်မြို့အနီးမှာ သဘာဝဆန်ဆန် အပန်းဖြေနိုင်မယ့် မှော်ဘီမြို့က သစ်လုံးခြံနဲ့ ပန်းတစ်ပွင့်တောင်


ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၁၈

## တီထွင်မှုမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၁၀၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်)

**တီထွင်မှုမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ဖြင့် ပြဋ္ဌာန်းခဲ့သော တီထွင်မှု မူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက် ( ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉** တို့သို့လည်းကောင်း **KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်နှင့် ဖော်ထုတ်ထိန်းသိမ်းထားသော ဟံသာဝတီမြို့ဟောင်း ကျုံးနှင့်မြို့ရိုးကို ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော မြေနန်းပြာသာဒ်ဆောင် ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်နှင့် မဟာစေတီသို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက် (၁၇) ချက်အနက် (၁၂) ချက်ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိကျခိုင်မာသည့် သမိုင်းဆိုင်ရာ အထောက်အထားများကို သုတေသနပြု၍ စနစ်တကျ ဆောင်ရွက်ရန်နှင့် ပြုပြင်ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် မိုးရေယိုမှုမရှိစေရေးအတွက် အမိုးပိုင်းဆိုင်ရာ ပြုပြင်မှုများ ဆောင်ရွက်ရန် မှာကြားပြီး လက်ဝဲဝင်းဆောင်၊ မြေနန်းပြာသာဒ်ဆောင်နှင့် လက်ယာဝင်းဆောင်တို့တွင် ပြသထားသော နန်းတော်တိုင်ဟောင်းများနှင့် ကျွန်းပြားများ ထိန်းသိမ်းထားမှု၊ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းသုံးပါးပုံတော်များနှင့် ၎င်းတို့ တည်ဆောက်စံမြန်းတော်မူခဲ့သော နန်းတော်များပုံ၊ ပုံစံတူပြုလုပ်ထားသည့် လက်ဝဲ၊ လက်ယာ မင်းခမ်းတော်ပစ္စည်းများ၊ ဘုရင့်နောင်မင်းတရားကြီး၏ ပန်းပုရုပ်တုတို့ကို အများပြည်သူ လေ့လာကြည့်ရှုနိုင်ရေးအတွက် ခင်းကျင်းပြသထားမှု၊ နန်းတော်ကြမ်းခင်းများ ခင်းကျင်းပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟံသာဝတီမြို့ဟောင်း အရှေ့ဘက်မြို့ရိုးရှိ အင်းဝ တံခါး ဝဲ၊ ယာ ကျုံးနှင့် မြို့ရိုးတူးဖော်ထားရှိမှု၊ ဟံသာဝတီမြို့ဟောင်း အနောက်ဘက်မြို့ရိုးရှိ သိန္နီတံခါးဝဲ၊ယာမြို့ရိုးနှင့်ကျုံးဖော်ထုတ်ထိန်းသိမ်းထားမှု၊ အများပြည်သူ လေ့လာကြည့်ရှု အပန်းဖြေနိုင်ရန် ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖော်ထုတ်ထိန်းသိမ်းထားရှိမှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် သန့်ရှင်းသာယာလှပရေးများကို အမြဲမပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

○ *ရွှေဖုံးမှ*

အပင်များကို အစေ့မှပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်ကိုင်းကူးနည်းများဖြင့် အကျယ် သုံးပေ၊ အနက် သုံးပေအတွင်းမှ တစ်ပင်နှင့်တစ်ပင် ၁၅ ပေခန့်အကွာ တစ်ဧကလျှင် ၄၈ ပင် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် စတင်အသီးသီး၍ တစ်နှစ်လျှင် ငါးလကြာအထိ ခူးယူရောင်းချရကြောင်း၊ အခြားနှစ်ရှည်ပင်များထက် စိုက်ပျိုးကုန်ကျစရိတ်သက်သာပြီး ပိုးမွှားရောဂါ ကျရောက်မှုနည်းပါး၍ အကြမ်းခံသော သီးနှံပင်မျိုးဖြစ်သောကြောင့် စိုက်ပျိုးရန်သင့်တော်ကြောင်း ဘဲရမ်းကျေးရွာနေ ဥယျာဉ်ခြံစိုက်တောင်သူတစ်ဦးက ပြောသည်။

ကြက်မောက်ပင်များကို တစ်ဧကစိုက်ခြင်းဖြင့် အလုံးရေ ၆၀၀၀၀ မှ ၇၀၀၀၀ ခန့် ထွက်ရှိကာ မြို့ပေါ်ဈေးများနှင့် အခြားမြို့နယ်များဖြစ်သည့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ပူတာအိုခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**ပူတာအို ဇွန် ၁**

ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် အဖွဲ့ဝင်များသည် မေ ၃၀ ရက်က ခုတင် (၁၀၀)ဆံ့ ပူတာအိုခရိုင်ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံအားပေး စကား ပြောကြားသည်။



ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးက ပူတာအိုခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်၌ နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းစုစုပေါင်း ၃၂၀၀ ရှိကြောင်း၊ အဆိုပါ ဝန်ထမ်းများ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အခြေခံစားသောက်ကုန်များကို မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် မြစ်ကြီးနားမှ ပူတာအိုသို့ တင်ပို့လျက်ရှိရာ နှစ်ကြိမ်ရောက်ရှိပြီဖြစ်ကြောင်း၊ ထပ်မံ၍လည်း ဝန်ထမ်းများနှင့်ဒေသခံပြည်သူများအတွက်ပါ သက်သာသော နှုန်းထားဖြင့် ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအို-ဆွမ်ပရာဘွမ်-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးကိုလည်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ် ဒေါက်တာ သန့်ဇင်ထွန်းက ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ ဆရာဆရာမများအနေဖြင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆေးဝါးရရှိရေးနှင့် အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားသည်။ **(ဓာတ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂီတအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး

## ဂီတအနုပညာရှင်များ၏ ရပိုင်ခွင့်များ ရရှိရေးအတွက် မူပိုင်ခွင့်ဥပဒေနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂီတအလွှာပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် ဇွန် ၁**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂီတအလွှာပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဂီတအလွှာပေါင်းစုံမှ ဂီတအနုပညာရှင်များ တက်ရောက်ကြသည်။

**ဝိုင်းဝန်းအကြံပြု ဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ဆွေးနွေးပွဲသို့ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ စုံညီစွာ တက်ရောက်လာကြသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကာလတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ပါတီနိုင်ငံရေးပတ်သက်မှုများကြောင့် အနုပညာလောကကြီး တစ်ခုလုံး ယုတ်လျော့ပြီး ပြိုကျလုနီးပါးဖြစ်ခဲ့ပါကြောင်း၊ အနုပညာရှင်များသည် ပြည်သူများ ပျော်ရွှင်စေရန်၊ ငိုနေသောပြည်သူများ ပြုံးပျော်လာစေရန်၊ တစ်နည်းအားဖြင့် အနုပညာရှင်များသည် ပြည်သူ့အတွက် ဖျော်ဖြေပေးချိန် ရောက်ရှိနေပြီဟု မြင်ပါကြောင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းရာတွင် ဂီတအလွှာပေါင်းစုံမှ အနုပညာရှင်များ ပါဝင်စေလိုသည့်အပြင် လူငယ်ပိုင်းအတွက် ကိုယ်စားပြုသူများလည်း ပါဝင်စေလိုပါကြောင်းနှင့် အများအကျိုးအတွက် ဆောင်ရွက်နိုင်သူများ ပါဝင်ကြစေလိုပါကြောင်း။

ဂီတအနုပညာရှင်များ၏ ရပိုင်ခွင့်များ ရရှိရေးအတွက်လည်း မူပိုင်ခွင့်ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ခြင်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဇွန် ၂၇ ရက်တွင် ရောက်ရှိမည့် မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ရန် စီစဉ်မှုတွင် ပြည်သူတစ်ရပ်လုံးမှ မျှော်လင့်နေချိန်ဖြစ်၍ သင့်တော်ကောင်းမွန်ပါကြောင်း၊ အဆိုပါ ဖျော်ဖြေတင်ဆက်မှုတွင် ဂီတအလွှာပေါင်းစုံမှ ဂီတပညာရှင်များ အားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း၊ နိုင်ငံတော်ဘက်မှလည်း လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

**ရှေ့ပြေး ဆောင်ရွက်ချက်တစ်ခု ဖြစ်လာမည်ဟုမြင်**

ဂီတဖျော်ဖြေပွဲကို ခမ်းခမ်းနားနား သပ်သပ်ရပ်ရပ်ဆောင်ရွက်ခြင်းဖြင့် ဂီတအကယ်ဒမီဆုပေးပွဲ အခမ်းအနားများအတွက် ရှေ့ပြေးဆောင်ရွက်ချက်တစ်ခု ဖြစ်လာမည်ဟုမြင်ပါကြောင်း၊ ဂီတအကယ်ဒမီဆု ချီးမြှင့်နိုင်ရေး ဆုအမျိုးစားနှင့် အရေအတွက် ဆုချီးမြှင့်ရွေးချယ်အဖွဲ့ ဆုရွေးချယ်နိုင်ရန် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို အသေးစိတ်ကြိုတင် ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဂီတလောကသားများ၏ သဘောထားမှတ်ချက်များ စုစည်းပြီး ပထမဆုံး ကျင်းပမည့် အခမ်းအနားကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းမှုမှ အားနည်းချက်များကို သုံးသပ်ပြီး ဆက်လက်ကျင်းပမှုများအတွက် ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ယာယီအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တက်ရောက်လာကြသည့် အလွှာအသီးသီးမှ ဂီတအနုပညာရှင်တို့က မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ပြန်လည်ဖွဲ့စည်းနိုင်ရေး၊ ဂီတအနုပညာရှင်များ ခံစားခွင့် စနစ်တကျရရှိနိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်နိုင်ရေး၊ မူပိုင်ခွင့်ဥပဒေနှင့် ဆောင်ရွက်ရန် မရှိသေးမီ အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် မြန်မာ့ဂီတနေ့အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြန်မာ့ဂီတနေ့အခမ်းအနား ကျင်းပနိုင်ရေး၊ ဂီတအကယ်ဒမီ ဆုရွေးချယ် ချီးမြှင့်နိုင်ရန်အတွက် ဂီတလောကသားများ ပူးပေါင်းပါဝင်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရေး ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အဆိုပါ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ် (၁၈-A)တွင် စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်မည့်ပုံစံ၊ ကုန်ကျစရိတ်၊ အဆောက်အအုံ ဆောက်လုပ်မည့်နေရာတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်သည် စာပေပညာရှင်များနှင့် ပြည်သူများ လာရောက်လေ့လာနိုင်ကြမည့် နေရာ၊ စာပေ ဆွေးနွေးပွဲများ ပြုလုပ်နိုင်မည့် နေရာဖြစ်စေလိုပါကြောင်း၊ အေးအေးချမ်းချမ်း စာပေများ ဖတ်ရှုနိုင်ရန်နှင့် နားခိုရန်နေရာတစ်ခုဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ် အဆောက်အအုံဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပြသရာရောက်ပါကြောင်း၊ စာပေလောကအတွက်လည်း အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း စာဆိုဗိမာန်အဆောက်အအုံကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ညွှန်ကြားထားပါကြောင်း၊ စည်းကမ်း စည်းမျဉ်းဘောင်အတွင်းမှ လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**သတင်းမီဒီယာများနှင့် တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက်ရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ သတင်းမီဒီယာဥက္ကဋ္ဌနှင့် သတင်းမီဒီယာများ တွေ့ဆုံ၍ လက်ရှိထုတ်ဝေ ဖြန့်ချိလျက်ရှိသော သတင်းစာဂျာနယ်များ ထုတ်ဝေဖြန့်ချိနေမှု အခြေအနေနှင့် သတင်းမှန်များ ဖော်ပြပေးနေမှုအခြေအနေများ၊ ဖြန့်ချိရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေမှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ကျွန်တော်တို့ လှေတွေဆိုရင် ၅ လပိုင်း မကုန်ခင်ကတည်းက လုပ်ငန်းရပ်နားလိုက်ပါပြီ” ဟု ကင်းမွန်လှေ လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ပွင့်လင်းရာသီများတွင် လုပ်ကိုင်သည့်ဝါတန်(ဝိုင်းချုပ်)ကင်းမွန်လှေများလည်း ရာသီပိတ်သိမ်းပြီးဖြစ်သလို ဝါးလတ်လှေကြီးများကိုလည်း ငါးဖမ်းဆီးခွင့်မပေးတော့ကြောင်း သိရသည်။

ငါးသားပေါက်ရာသီမှာ ပုံမှန်အားဖြင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများကို သတ်မှတ်ထားခဲ့သော်လည်း သုတေသနပြုချက်များအရ ပြီးခဲ့သည့်နှစ်များက စတင်ပြီး ဧပြီ၊ မေ၊ ဇွန်လများအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်တွေက ဝါလတ် (ဒရွတ်ဆွဲ) လှေတွေကို ငါးသားပေါက်ရာသီမှာ ရာခိုင်နှုန်းအလိုက် ခွင့်ပြုခဲ့တာမျိုးရှိတယ်။ ဒီနှစ်မှာလည်းငါးဖမ်းလှေကြီးတွေက ဧပြီလနဲ့မေလကို ရပ်နားပြီး ဇွန်လမှာ ငါးပြန်ဖမ်းဖို့ တင်ပြခဲ့တာမျိုးရှိတယ်။ နိုင်ငံတော်အစိုးရက ပင်လယ်ပြင်အတွင်းမှာ ငါးသယံဇာတတည်ရှိမှုတွေကို လေ့လာပြီး ခွင့်ပြုပေးခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။ ဝါးလတ်ငါးဖမ်းလှေကြီးတွေက တစ်နှစ်ပတ်လုံး ပင်လယ်ပြင်မှာ ငါးဖမ်းနေတော့ ရေသယံဇာတတွေ မျိုးသုဉ်းသွားနိုင်တယ်။ အခုလည်းအတော်လေးကို အခြေအနေဆိုးနေပါပြီ၊ ကမ်းနီးဝင်ဆွဲတာတွေလည်း လုပ်လေ့ရှိတဲ့အတွက် ကမ်းနီးငါးဖမ်းလှေတွေလည်း အတော်လေးအခက်အခဲတွေ့နေကြတယ်။ ဇွန်လပြီးရင် ဇူလိုင်၊ ဩဂုတ်လမှာ ငါးပြန်ဖမ်းကြလိမ့်မယ်။ အဲဒီအချိန်အခါတွေက ငါးသားပေါက်ရာသီအချိန်အခါတွေပဲ ဖြစ်နေသေးတယ်” ဟု ရေလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ဝါလတ်ငါးဖမ်းလှေကြီးများက ဇွန်လတစ်လကို ငါးဖမ်းဆီးခွင့်ပြုရန် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး အခြေပြုလုပ်ငန်းရှင်များက တင်ပြခဲ့သော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ခွင့်ပြုချက်မပေးခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မေလ ၂၇ ရက်နေ့စွဲဖြင့် ဇွန်လကို ငါးဖမ်းဆီးခွင့်မပြုကြောင်း ပြန်ခဲ့သည့်အတွက် ဇွန်လတွင် ငါးဖမ်းရာသီရပ်နားပြီဖြစ်ကြောင်း သိရသည်။ ငါးမဖမ်းရရာသီဖြစ်သည့် ဧပြီ၊ မေ၊ ဇွန် သုံးလကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က Stake Holders Meeting တွင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ပြန်လည်ခွင့်ပြုချက်မပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုကို သုတေသနလေ့လာ တွေ့ရှိချက်အရ လျော့နည်းနေပြီးဖြစ်ပြီး ရေသယံဇာတများကို ထိန်းသိမ်းရန် လိုအပ်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **မြင့်ဦး(မြိတ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မေ ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)သို့ ရောက်ရှိပြီး အသေးစား စက္ကူစက်ဖြင့် စက္ကူများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက္ကူများ ထုတ်လုပ်ရာတွင် ယခုထက် အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေးအတွက် စက္ကူထုတ်လုပ်သည့် အသေးစားစက္ကူစက်တွင် တပ်ဆင်ထားသော စက်ပစ္စည်း အစိတ်အပိုင်းများကို ချိန်ညှိခြင်း လုပ်ငန်းစဉ်များ အသေးစိတ် ဆောင်ရွက်ရန်၊ အသေးစားစက္ကူစက်ဖြင့် ထုတ်လုပ်ထားရှိသည့် စက္ကူများကို လူသုံးကုန်ပစ္စည်းများအဖြစ် ပြောင်းလဲနိုင်ရေးအတွက် တီထွင်ကြံဆ ဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများ၊ ခာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်ရသဖြင့် ယခုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို စနစ်တကျ မှတ်တမ်းထားရှိရန်၊ စက္ကူကုန်ချောများ အဆင့်မြင့်မားရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကိုလည်း စမ်းသပ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မေ ၃၁ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့ ရောင်းချခြင်း၊ ငှားရမ်းခြင်း ဖက်စပ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံရှိ ကြွေပြားထုတ်လုပ်မှုလိုင်းကို ပုဂ္ဂလိကသို့ ငှားရမ်းထားရှိသဖြင့် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ထုတ်ကုန် အရည်အသွေးများ တိုးတက် ကောင်းမွန်စေရေးအတွက် ထုတ်လုပ်မှုလိုင်းတစ်လျှောက်တွင် ဖြည့်ဆည်းရမည့်နေရာများ သတ်မှတ်၍ အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်ရန်၊ ရရှိသည့် အမြတ်အစွန်းအချို့ကို ဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ (CSR) တွင် ပြန်လည်အသုံးပြုသွားရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ၊ ပညာရပ်များကို အပြည့်အဝ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ လုပ်ငန်းခွင် ပျော်ရွှင်စေရေးနှင့် စက်ရုံသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားကာ ကြွေပြားထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လက်ပံတန်းမြို့ရှိ တင့်တင့် ကရေကရာမုန့်လုပ်ငန်းနှင့် စားဖိုမှူးတံဆိပ် စားသောက်ကုန်လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး အလေးထား ဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖန်တီးပေးနိုင်ရေးအတွက် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းဖြစ်၍ တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြပေးရန် မှာကြားပြီး ကရေကရာထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဝေဖာ်ဆီထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မှော်ဘီမြို့ရှိ မြွေဆိပ်ဖြေဆေးဌာနသို့ ရောက်ရှိကာ မြင်းများ မွေးမြူထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြွေဆိပ်ဖြေဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်ပစ္စည်းများကို တပ်ဆင်ပြီးဖြစ်၍ ရောဂါဘယကင်းရှင်း၍ ကျန်းမာသန်စွမ်းသော မြင်းများဖြစ်အောင် စနစ်တကျ မွေးမြူရန်၊ ဆေးဝါးသုံးမြင်းများတွင် ရာသီအလိုက်ဖြစ်ပေါ်တတ်သည့် ရောဂါများမဖြစ်စေရေး အစဉ်အမြဲဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇွန် ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။




အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတပ်နယ်အသီးသီးရှိ တာဝန်ရှိသူများက ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ ဇွန်လ(ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေမှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၃ ဒီဂရီဖာရင်ဟိုက်မှ ၁၀၃ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေမှာ ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄၃ မီလီမီတာမှ ၅၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိခဲ့သည်။

**မိုး/ဇလ**

# ပြည်သူ့ဆေးရုံကြီး(ပဲခူးမြို့) အောင်သုခလေးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း(ပဲခူး) သုံးထပ်အဆောက်အအုံ(အသစ်)ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၁**

ပြည်သူ့ဆေးရုံကြီး (ပဲခူးမြို့) အောင်သုခ လေးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံကြီး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်နီနီ၊ အောင်သုခယောဂီဟောင်း ဒေါက်တာမိုးကျော်သူ (MD- Rain Forest Co,. Ltd) အောင်သုခယောဂီများကိုယ်စား ဦးမြင့်သိန်းနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က အောင်သုခလေးထပ် ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦသစ်တွင်ပါဝင်သော အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ကျောက်ကပ်သွေးသန့်စင် ကုသရေးဌာန၊ သီးသန့်လူနာခန်းများ၊ သံဃာဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အလှူရှင်များကိုယ်စား ဒေါက်တာမိုးကျော်သူ (MD- Rain Forest Co,.Ltd)က "အောင်သုခလေးထပ်ဆေးကုသဆောင်" ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ အလှူရှင်များကိုယ်စား အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်နီနီက "အောင်သုခ လေးထပ်ဆေးကုသဆောင်သစ်" လှူဒါန်းမှုမှတ်တမ်းကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံ ပေးအပ်ခြင်းနှင့် ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခြင်း၊ အောင်သုခဆေးကုသဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပြည်သူ့ဆေးရုံကြီး (ပဲခူးမြို့) ဆေးရုံအုပ်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် မြို့မိမြို့ဖ ဦးမောင်ဝင်းက ကျေးဇူးတင်စကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အောင်သုခ လေးထပ်ဆေးကုသဆောင်သစ်သည် ၉၉၄၀ စတုရန်းပေ အကျယ်အဝန်းရှိပြီး ကောင်းမွန်ခိုင်ခံ့သော Structure များဖြင့် တည်ဆောက်ထားကာ မြေညီထပ်တွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ အစည်းအဝေးခန်းမ၊ ပထမထပ်၌ ကျောက်ကပ်သန့်စင်ဆေးကုသဌာန၊ ဒုတိယထပ်၌ အခပေးလူနာခန်းများနှင့် တတိယထပ်၌ သံဃာတော်များအတွက် ဆေးကုသဆောင်တို့ ပါဝင်သည်။ ငွေကျပ် ၅၂၉၉ ဒသမ ၉၁၄၈၃ သန်း တန်ဖိုးရှိပြီး ကျောက်ကပ် သွေးသန့်စင်စက် ငါးလုံးအပါအဝင် အခြားဆေးရုံသုံး ပစ္စည်းများလည်း လှူဒါန်းထားရှိကာ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ကျောက်ကပ်ဆေးစက်နှင့် တွဲဖက်အသုံးပြုရမည့် ရေသန့်စင်စက်၊ 200 KVA Generator၊ 500 KVA Transformer နှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သဖြင့် နာတာရှည်ကျောက်ကပ်ဝေဒနာရှင် ပြည်သူများအတွက် ကျောက်ကပ် သွေးသန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အပြင် ရဟန်းရှင်လူပြည်သူများ သက်သောင့်သက်သာ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုများ ခံယူနိုင်ကြမည် ဖြစ်သည်။

**ထောက်ပံ့လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်သူ့ဆေးရုံကြီး (ပဲခူးမြို့)၌ ဆောင်ရွက်လျက်ရှိသည့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသပေးမှုအခြေအနေကို သွားရောက်ကြည့်ရှု၍ ခွဲစိတ်ကုသမှုခံယူသည့် ကလေးများကို အလှူငွေများ ထောက်ပံ့လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင် အအေးခန်း(ပဲခူး)သုံးထပ်အဆောက်အအုံ (အသစ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**(အပေါ်ဝဲပုံ)**

**လှည့်လည်ကြည့်ရှု**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က "ပဲခူး Sub- Depot သုံးထပ်ဆောင် အဆောက်အအုံသစ်"ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ အဆောက်အအုံသစ်တွင်ပါဝင်သော အအေးခန်းများ၊ ဆေးထိုးအပ်နှင့် ဆက်စပ်ပစ္စည်းများ ထားရှိရာအခန်းနှင့် ရုံးခန်းတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အဆောက်အအုံ သစ်တွင် ကာကွယ်ဆေးများ သိုလှောင်ထားရှိရန်အတွက် Walk In Cooler အအေးခန်း တစ်လုံးနှင့် Walk In Freezer အအေးခန်း တစ်လုံး၊ ဆေးထိုးအပ်နှင့်ဆက်စပ်ပစ္စည်းများထားရှိရာ (Dry Store) အခန်း၊ ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ သင်တန်းခန်းမတစ်ခု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်များနှင့် 45 KVA Back-up Generator မီးစက်တစ်လုံး၊ ဂါလန် ၁၅၀၀ ဆံ့ရေကန်တို့ပါရှိပြီး စုစုပေါင်းတန်ဖိုးငွေ အမေရိကန် ဒေါ်လာ ၃၃၆၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

# ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် အနီးစခန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တို့ ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာပေဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် ဇွန် ၁**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားသည်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်စေရေး ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် အနီးစခန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တို့ ပူးပေါင်းစီစဉ် ကျင်းပသော "စာကြည့်တိုက်များကပေးသော အကျိုးကျေးဇူးများ" စာပေဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၇ ရှိ အနီးစခန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါစာပေဟောပြောပွဲတွင် ရှေးဦးစွာ ရပ်ကွက်ကြီး ၁၇၊ အနီးစခန်း၏ အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရပ်ကွက်/ကျေးရွာများရှိ စာကြည့်တိုက်များအရောက် ကွင်းဆင်းကာ စာပေဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းမှ "စာကြည့်တိုက်များကပေးသော အကျိုးကျေးဇူးများ" ခေါင်းစဉ်ဖြင့် ကျောင်းသား လူငယ်များနှင့် ဒေသခံပြည်သူများ စာပေအသိသုတဖြစ်ဖွယ် အကြောင်းအရာများကို ဟောပြောဆွေးနွေးပေးပြီး အနီးစခန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှ တာဝန်ရှိသူ မမဠူလှိုင်က လက်ခံရယူသည်။

အဆိုပါ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာပေဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်၊ ဦးစီးအရာရှိ ဒေါ်ယမင်းလှိုင်နှင့်တာဝန်ရှိသူများ၊ စာရေးဆရာ ကိုရွှေအောင်သင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများ၊ စာပေချစ်သူများစုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဖြူလူသစ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားအရာရှိကြီးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးက နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားပြီး**(ယာပုံ)** မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ်(ပထမဆင့်)နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိခဲ့သည့် အရာထမ်း၊ အမှုထမ်း ၃၅ ဦး၊ သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၁၃ ဦးနှင့် အလွတ်တန်း ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးတို့ကို ထပ်ဆင့်ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ကြသည်။

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအတွက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လူမှုရေးထောက်ပံ့စရိတ်ငွေများနှင့် တက္ကသိုလ်/ကောလိပ်များ၊ အခြေခံပညာကျောင်းများ



တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းများ၏ သား/သမီးများအတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ငွေများကို ပေးအပ်ကြကာ ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့် မိသားစုများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နှမ်းနှင့် ပဲတီစိမ်း အကန့်လိုက်စိုက်ပျိုးနည်းစနစ် ဆောင်ရွက်ထားရှိမှု စိုက်ပျိုးနည်းပညာပေးဝန်ထမ်းများလာရောက်လေ့လာ

**နေပြည်တော် ဇွန် ၁**

ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ စံပြစိုက်ကွင်း၌ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ထားသည့် ဘောင်ကြီးတင်စနစ်အပါအဝင် နှမ်းသီးနှံစိုက်စနစ်လေးမျိုး စမ်းသပ်စိုက်ပျိုးထားရှိမှု၊ နှမ်းနှင့် ပဲတီစိမ်း အကန့်လိုက်စိုက်ပျိုးနည်းစနစ် ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းမှ စိုက်ပျိုးနည်းပညာပေးဝန်ထမ်းများ လာရောက်လေ့လာကြသည်။**(ယာပုံ)**



ထိုသို့ ကြည့်ရှုလေ့လာစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နှမ်းမျိုးဗီဇအလိုက် မြေပြုပြင်ထွန်ယက်သည်မှ ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များနှင့် မိုးကြီးစွာ ရွာသွန်းခြင်းကြောင့် နှမ်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုကို ထိရောက်စွာကာကွယ်နိုင်သည့်ဘောင်ကြီးတင်စိုက်ပျိုးနည်းစနစ်ဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများ၊ ဘောင်ကြီးတင် စိုက်ပျိုးနည်းစနစ်သည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဒဏ်ကိုခံနိုင်ရည်ရှိသော စိုက်နည်းစနစ်ဖြစ်မှု၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ နေကြာနှင့် ကျန်ရှိသည့် မိုးသီးနှံများတွင် ယင်းစနစ်ကိုကျင့်သုံးလာစေရေး နည်းပညာပေးရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါ နည်းပညာပေးစံပြစိုက်ကွင်းတွင် (ဆင်းရတနာ - ၃) နှမ်းမျိုးနှင့် (ဆင်းရတနာ - ၁၄) ပဲတီစိမ်းမျိုးတို့ကို အကန့်လိုက်စိုက်ပျိုးခြင်း၊ ဘောင်ဖော်ပြီး လက်သုံး မျိုးစေ့ချကိရိယာဖြင့် နှမ်းစိုက်ပျိုးခြင်း၊ ထွန်စက်ဖြင့် ဘောင်ဖော်ပြီး စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း၊ ကြဲပက်ပြီး ဘောင်ဖော်စိုက်ပျိုးခြင်းနှင့် ဘောင်ဖော်ပြီး ကြဲပက်စိုက်ပျိုးခြင်း မျိုးစေ့ချစနစ် လေးမျိုးကို စမ်းသပ်စိုက်ပျိုးထားရာ မေလနောက်ဆုံးပတ်တွင် မုန်တိုင်းမိုးရွာသွန်းခဲ့သော်လည်း နှမ်းများလုံးဝထိခိုက်မှုမရှိဘဲ ရှင်သန်ဖြစ်ထွန်းနေကြောင်း၊ ဘောင်ကြီးတင်စနစ်သည် မိုးများလျှင် ရေထုတ်နိုင်ခြင်း၊ ရေလိုလျှင် အပင်ခြေ ရေမဝပ်အောင် ရေသွင်း၍ရခြင်း၊ မိုးနည်းပါးသော နေရာများတွင် မြောင်းအတွင်း ရေလှောင်ထားနိုင်ခြင်း စသည့်အကျိုးကျေးဇူးရရှိနိုင်သည့်အပြင် အပင်ပြုစု စောင့်ရှောက်ရေးလုပ်ငန်းများကို အလွယ်တကူဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် အစေ့ထုတ်ပြောင်းသီးနှံတွင် (Fall army-worm - FAW) ဖောင်မြှောင်တောင်ဖျက်ပိုး ကာကွယ်နှိမ်နင်းခြင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံ မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းများတွင် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန်အခွင့်အလမ်းများ ဆွေးနွေးပွဲသို့တက်ရောက်၍ ဖောင်မြှောင်တောင်ဖျက်ပိုးအပါအဝင် သီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ သီးနှံဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အွန်လိုင်းမီဒီယာများတွင် စနစ်တကျ ရှာဖွေလေ့လာအသုံးပြုနိုင်မှုကို လက်တွေ့အသုံးပြု ပြသရှင်းလင်းဆွေးနွေးပြီး၊ တောင်သူနည်းပညာပေး လယ်ယာရုပ်သံများကို လက်ကိုင်ဖုန်းအသုံးပြု ရိုက်ကူးထုတ်လွှင့်ခြင်း အပြင် တောင်သူ တစ်ဦးချင်းထံမှ ကောင်းမွန်သော အလေ့အကျင့်များကို တိုးတက်ပြောင်းလဲလာသော ခေတ်မီဆက်သွယ်ရေးနည်းပညာများကို ထိထိရောက်ရောက်အသုံးပြုနိုင်ရေး၊ တောင်သူများ အကျွမ်းတဝင် သုံးစွဲနိုင်စေရေးတို့အတွက် စိုက်ပျိုးနည်းပညာ ဖြန့်ဝေပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ သီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက အစေ့ထုတ်ပြောင်းသီးနှံတွင် (Fall armyworm - FAW) ဖောင်မြှောင်တောင်ဖျက်ပိုး ကာကွယ်နှိမ်နင်းနည်းနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တောင်သူများ၏အတွေ့အကြုံများတင်ပြခြင်း၊ သိရှိလိုသည်များ မေးမြန်းခြင်းအပေါ် ဒုတိယဝန်ကြီးနှင့် ပညာရှင်များက ပြန်လည် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ ***ကျောဖုံးမှ***

စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် အင်ဒိုနီးရှားနိုင်ငံထုတ် Natural Stone Tile ၇၃၉၂ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၄၅၂၈၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၃၆၅၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၂၉၄၄ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၅၅၀၄၀ နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၈၅၅၀၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၃၀ နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၉၁၆၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❊ ***ကျောဖုံးမှ***

အကောင်းဆုံးအုပ်စု ဒုတိယရ အသင်းငါးသင်း ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်သည်။ ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် အသင်း ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၀ ခုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် အိမ်ရှင်နိုင်ငံများအဖြစ် တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှား၊ ကူဝိတ်၊ ကာဂျစ္စတန်၊ လာအို၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို ရွေးချယ်ထားပြီး ခြေစစ်ပွဲဝင်အုပ်စုဆယ်ခုမှ ထိပ်ဆုံးရပ်တည်မှုရ အသင်းဆယ်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရ အသင်း ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲများကို ယခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းနှင့် ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲများအပြင် အာဆီယံပြိုင်ပွဲတို့အတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းကို ဦးအောင်နိုင်၊ မြန်မာ ယူ-၁၆ အသင်းကို ဂျပန်နိုင်ငံသား မိတမီချိတာယုတို့က ကိုင်တွယ်လျက်ရှိသည်။ **ညီမြတ်သော်တာ**

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၁-၆-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၃၅.၅ | ၉၅.၉ |
| ၂။ | ရန်ကုန် | ၃၀.၀ | ၈၆.၀ |
| ၃။ | မန္တလေး | ၃၉.၀ | ၁၀၂.၂ |

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့က မင်္ဂလာဒုံမြို့နယ် လှော်ကား ရေဝေရေလဲဒေသ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြရာ နိုင်ငံတော်ဩဝါဒစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသ၏ အပူဒဏ်ထိန်းဖို့ သစ်ပင်စိုက်ပျိုးခြင်း ကုသိုလ်ယူကြစို့ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ဇနီး၊ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ဇနီးတို့က တိုင်းဒေသကြီးဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား သစ်ပင်များ ပေးအပ်ကြပြီး စုပေါင်း သစ်ပင်စိုက်ပျိုးကြသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက တိုင်းဒေသကြီးဌာနဆိုင်ရာမှ ဝန်ထမ်းများ၏ ကျွန်းပင် ၄၀၀၀၊ ပျဉ်းကတိုးပင် ၄၀၀၀၊ မဟော်ဂနီပင် ၂၈၀၀ စုပေါင်းစိုက်ပျိုးခြင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၃၅) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဦးရာဇတ်လမ်းကြားရှိ နတ်ရေကန်သို့သွားရောက်၍



အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ ကန်ပေါင်လမ်းအရှည် ၁၄၈၆ ပေ၊ အကျယ်ခြောက်ပေ၊ ထုလေးလက်မခွဲ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သစ်ပင်များ သန့်ရှင်းသပ်ရပ်အောင် ဖြတ်ညှိပုံသွင်း အလင်းဖွင့်ခြင်းနှင့် မြေယာရှုခင်းဆောင်ရွက်ခြင်းလုပ်ငန်း ပြီးစီးမှု၊ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) မှ နတ်ရေကန်နှင့် ကန်သာယာ (၁) လမ်းကြားတွင် အရှည် ပေ ၅၀၀၊ အကျယ် နှစ်ပေ၊ အနက် လေးပေရှိ အုတ်ရေမြောင်းတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

# စက်သုံးဆီအရောင်းဆိုင်များတွင် POS စနစ်နှင့် CCTV တပ်ဆင်အသုံးပြုမှုမှသည် Real-time Software စနစ် တပ်ဆင်အသုံးပြုနိုင်သည်အထိ တွန်းအားပေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (ရုံးချုပ်) ၌ ကျင်းပသည်။



အစည်းအဝေးတွင် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်က စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်နေကြသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ စက်သုံးဆီများတင်သွင်းခြင်းနှင့် Terminal များအလိုက် ဆီတင်/ချ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းစနစ်ကျပြီး ပိုမိုလွယ်ကူလျင်မြန်သည့် ကောင်းမွန်သော လုပ်ထုံးလုပ်နည်း/လုပ်ငန်းစဉ်များ ဖြစ်ထွန်းလာစေရေးအတွက် လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းသို့ စက်သုံးဆီများ ဖြန့်ဖြူးရောင်းချရာတွင် အချိန်နှင့်တစ်ပြေးညီ သယ်ယူ ပို့ဆောင်ပေးနိုင်ရေး အတွက်လည်းကောင်း လက်ရှိကျင့်သုံးနေသည့် SOP (Standard Operating Procedure) များ အပေါ် ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် လိုအပ်နေသေးသည့် SOP အသစ်များ ရေးဆွဲခြင်းတို့ကို သက်ဆိုင်ရာ ဌာနများနှင့် ကုမ္ပဏီအသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် သွားကြရန်လိုအပ်ကြောင်း။

ကုမ္ပဏီများအလိုက် စက်သုံးဆီ တင်သွင်းဖြန့်ဖြူးမှုစာရင်းအင်း အချက်အလက်များကို တိကျစွာ ပြုစုထားရှိကြရန်၊ ပြည်သူလူထုသို့ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီသော စက်သုံးဆီများ ဖြန့်ဖြူး ရောင်းချပေးနိုင်ရေးနှင့် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်၊ စက်သုံးဆီအရောင်းဆိုင်များတွင် POS စနစ်နှင့် CCTV တပ်ဆင်အသုံးပြုမှုမှသည် Real–time Software စနစ် တပ်ဆင်အသုံးပြုနိုင်သည်အထိ တွန်းအားပေးဆောင်ရွက်ကြရန်၊ သိုလှောင်စခန်း၊ ဆိပ်ကမ်းနှင့် အရောင်းဆိုင်များ၏ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မိုးရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် လုပ်ငန်းခွင်ရှိ သစ်ပင်၊ သစ်ကိုင်းများ စနစ်တကျရှင်းလင်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေး အစီအမံများကို ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားပြီး **(ဝဲပုံ)** အစည်းအဝေး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ညောင်ဦးမြို့နယ်အတွင်းရှိ လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပုဂံ - ညောင်ဦး - ကျောက်ပန်းတောင်း - ဂွေးချို - ရေနံချောင်း BOT လမ်းပိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် ညောင်ဦးလေဆိပ်လမ်းဆုံမှ ပုဂံမြို့သစ် အဝင်လမ်း(လမ်းသစ်)၊ ချောက်–စဥ့်ကူ–ပုဂံလမ်း၊ ကျောက်ပန်းတောင်း–ညောင်ဦး–ပုဂံလမ်းနှင့် ညောင်ဦး–မြင်းခြံလမ်း (မြို့တွင်းလမ်း) တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နှင်းသဇင်ကုမ္ပဏီမှ ဂွေးချို–ချောက်လမ်းပိုင်း လမ်းပေါက်ပြုပြင်ခြင်း၊ လမ်းပခုံးမြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေပိုတ်လွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန် – ပြည် – မန္တလေးလမ်း (ဂွေးချို– ရေနံချောင်းလမ်းပိုင်း) လမ်းပေါက်များနှင့် လမ်းပခုံးများ ပြုပြင် ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဂွေးချိုတိုးဂိတ်အနီးရှိ ကောင်းမွန်ကုမ္ပဏီလမ်းလုပ်ငန်းရှင်းလင်းဆောင်၌ BOT ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လမ်းပေါက်များမရှိစေရေးနှင့် လမ်းပခုံးများကို မြေနီကျောက်စရစ်ဖြင့် ခင်းနိုင်ရေး အမြန်ပြင်ဆင် ဆောင်ရွက်ရန်၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်စေရေး၊ လမ်းဘေးချုံနွယ်များ ရှင်းလင်းရေး ဆောင်ရွက်သွားရန်၊ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းကို နှစ်လအတွင်း အပြီး ဆောင်ရွက်ရေး စီမံချက်ချမှတ်ဆောင်ရွက်ရန်၊ ဌာနမှ တာဝန်ရှိသည့် အင်ဂျင်နီယာချုပ်များ၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) များ၊ ခရိုင်၊ မြို့နယ် လမ်းအင်ဂျင်နီယာများ အနေဖြင့် မိမိလမ်းဧရိယာ နယ်မြေအတွင်း လမ်းများ ပျက်စီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး၍ BOT ကုမ္ပဏီများသို့ အချိန်မီပြုပြင်နိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်-ပြည်-မန္တလေးလမ်း (ရေနံချောင်းမြို့ရှောင်လမ်းပိုင်း) လမ်းပေါက်ပြုပြင်ခြင်းနှင့် ရေပိုတ်လွှာလောင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကံပြားလမ်းဆုံအနီးရှိ ကောင်းမွန်ကုမ္ပဏီ လမ်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးမြို့အဝင် မုခ်ဦးအနီး ကောင်းမွန်ကုမ္ပဏီမှ AC ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ရန်ကုန်–ပြည်–မန္တလေး (မကွေး – တောင်းတွင်းကြီးလမ်းပိုင်း)ကို Max Highways ကုမ္ပဏီမှ ရေပိုတ်လွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ အမှာစကားပြောကြားပြီး ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။ (ဓာတ်ပုံ)

ယင်းနောက် သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်စိုက်ပျိုးနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ပျဉ်းမ၊ မဟော်ဂနီ၊ မယ်ဇယ်၊ မယ်ဇလီ၊ စိန်ပန်း၊ ခရေ၊ ယင်းမာ၊ ငုရွှေဝါစသည့်ပျိုးပင် စုစုပေါင်း ၆၉၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ထားဝယ်မြို့တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့အပါအဝင် မြို့နယ်ငါးမြို့နယ်တို့ရှိ အခြေခံပညာ ကျောင်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့်စာသင်ခုံများ နေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ထိုသို့ စာသင်ဆောင်များ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့်အတူ စုပေါင်း ဆောင်ရွက်ပေးကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မလှိုင်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**မလှိုင် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွှေပေါ်ကျွန်း (ရေငံရွှေပေါ်ကျွန်း) အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို စေတော်ဝင်ရွှေပေါ်ကျွန်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်ဦးနှင့် ရေငံရွှေပေါ်ကျွန်း အ-ထ-က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ယင်းနောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ် ၂၉၂ ဒသမ ၉၇၁ သန်းဖြင့် ရောမောင်ကုမ္ပဏီမှ တာဝန်ယူ၍ ၂၉.၈.၂၀၂၃ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြထွန်း (မလှိုင်)

## နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇွန် ၁**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေတွင် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့် သက်ဆိုင်ရာ သံရုံးများချိတ်ဆက်ပြီး အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရန် ဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့် ညှိနှိုင်း၍ နိုင်ငံတော်မှ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မချစ်စနိုးသည် ဇွန် ၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒူဘိုင်းမြို့နှင့် ဘန်ကောက်မြို့တို့မှ တစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့ည ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မချစ်စနိုးသည် မြန်မာနိုင်ငံမှ ဒူဘိုင်းမြို့သို့ ရောက်ရှိခဲ့ရာ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီရုံးမှတစ်ဆင့် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အဆင်မပြေမှုကြောင့် မြန်မာသံရုံးသို့ ရောက်ရှိခဲ့သည်။ မြန်မာသံရုံးမှ မချစ်စနိုးအား နေရာထိုင်ခင်း၊ အစားအသောက်နှင့် လိုအပ်သော ကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည် ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့် (Exit Permit) ရရှိခဲ့၍ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မချစ်စနိုးက “ကျွန်မက အသက် ၂၁ နှစ်ရှိပါပြီ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှာ နေပါတယ်။ ရီရတ်ဒ်မှာ အလုပ်လုပ်တာတစ်ရက်မှာ ၄ နာရီ မနားရပါဘူး။ မိသားစုများတဲ့အတွက် တော်တော်ပင်ပန်းတယ်။ အိပ်ချိန်နည်းလာတော့ မူးမော်ပြီး အမြဲတမ်း စိတ်မကြည်ခံစားရတယ်။ အလုပ်မလုပ်နိုင်တော့ အပြင်ကိုထွက်တဲ့အခါ ရဲစခန်းကို ရောက်သွားပြီး သံရုံးကိုအကြောင်းကြားပေးတာကြောင့် သံရုံးက လာခေါ်ပြီး နေစရာ၊ စားစရာတွေစီစဉ်ပေးခဲ့ပါတယ်။ အခုလို အစစအရာရာ ကူညီဖေးမပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သံအမတ်ကြီးတို့ကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ ကန်တော့ပါတယ်။ ပြောမပြတတ်အောင် အထူးကျေးဇူးတင်ပါတယ်”ဟု ပြန်လည်ပြောကြားသည်။



မချစ်စနိုး

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# အနာဂတ်ကမ္ဘာ စိမ်းလန်းစိုပြည်ဖို့ မြေသယံဇာတကို ပြန်လည်ထိန်းသိမ်းကြပါစို့

**သယံဇာတ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကုလသမဂ္ဂမှ ကြီးမှူး၍ ပထမဆုံးအကြိမ် လူသားနှင့် ပတ်ဝန်းကျင်ညီလာခံကို ကျင်းပခဲ့ပြီး အဆိုပါညီလာခံ ကျင်းပခဲ့သည့် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၇၃ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ပြီး ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအပေါ် အာရုံစူးစိုက်ဖြေရှင်းဆောင်ရွက်လာကြစေရန် ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ခဲ့ပါသည်။




၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဖြစ်ပြီး အိမ်ရှင်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံမှ ဦးဆောင်၍ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်သည် သဲကန္တာရတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း ကျင်းပခဲ့သည့် နှစ် ၃၀ ပြည့်နှစ်လည်းဖြစ်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံမှု၊ ရေအရင်းအမြစ်ပေါ်ကြွယ်ဝမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ မြို့ပြနှင့် လူမှုပတ်ဝန်းကျင်အေးချမ်းသာယာမှု၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမှုတို့အတွက် မြေသယံဇာတများမှာ အဖိုးထိုက်တန်လှပါသည်။

မြေသယံဇာတအရင်းအမြစ်များသည် လူသားများ၏ အကျိုးစီးပွားကို အထောက်အကူပေးသည့် မြေဆီလွှာ၊ သန့်ရှင်းသောရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် အခြားဂေဟစနစ် ဝန်ဆောင်မှုများ၊ မြေပေါ်ရှိ သစ်တောသစ်ပင်များနှင့် မြေအောက်ရှိ သတ္တုတွင်းထွက်ပစ္စည်းနှင့် စွမ်းအင်များ၊ စားရေရိက္ခာ၊ အမြင်ပသာဒများနှင့် ယဉ်ကျေးမှုများကို ထောက်ပံ့ပေးလျက် ရှိပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့်လည်း နေရာအနှံ့အပြား၌ ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ မိုးခေါင်ရေရှားမှု၊ အပူချိန်လွန်ကဲမှု အစရှိသော ပြင်းထန်လှသည့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ခံစားလာနေရပြီး လူမှုစီးပွားပျက်စီးဆုံးရှုံးမှုမှာ ပိုမိုများပြားလာကာ လူသားများကို အကျိုးပြုနေသော မြေယာ၏ ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် သက်ရောက်မှုရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**သဲကန္တာရဖြစ်ထွန်းမှုပြဿနာ**

သဲကန္တာရဖြစ်ထွန်းမှုသည် ယနေ့ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသော အဓိကကျသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာပါသည်။ သစ်ထုတ်လုပ်ရေးနှင့် အိမ်သုံးထင်းများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်မမှန်ကန်ခြင်း၊ ရေရှည်တည်တံ့မှုမရှိသော သတ္တုတူးဖော်ခြင်း၊ ဆည်တာတမံများတည်ဆောက်ခြင်း၊ စားကျက်မြေအဖြစ် အလွန်အကျွံအသုံးပြုခြင်း၊ မြို့ရွာများ တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ဆောင်ချက်များကြောင့် သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာပျက်စီးခြင်းများဖြစ်ပေါ်ပြီး မူလဂေဟစနစ်ပျက်စီးကာ တဖြည်းဖြည်း သဲကန္တာရဖြစ်ထွန်းလာခြင်းဖြစ်ပါသည်။ မြေဆီလွှာပျက်စီးခြင်း၊ မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့ခြင်းနှင့် ရေအရင်းအမြစ်ဆုံးရှုံးခြင်းကြောင့် စားရေရိက္ခာထုတ်လုပ်နိုင်မှု လျော့နည်းလာနိုင်သဖြင့် အဆိုပါဒေသနေပြည်သူများမှာ လူမှုစီးပွားဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြရပေသည်။

သဲကန္တာရဖြစ်ထွန်းလာမှုကို သိရှိစေနိုင်သော အထူးသတိထားသင့်သည့် ဝိသေသလက္ခဏာများကို ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးညီလာခံ (United Nations Convention to Combat Desertification) မှ အောက်ဖော်ပြပါအတိုင်း သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်-

- (က) မိုးရွာသွန်းမှုပုံစံ မမှန်ကန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေနည်းပါးခြင်း၊ နွေရာသီကာလများတွင် မကြာခဏ မိုးခေါင်ရေရှားခြင်း၊
- (ခ) အပူချိန်မြင့်မားမှုဒဏ် ကြာရှည်စွာ ခံစားရခြင်း၊
- (ဂ) မြေမျက်နှာသွင်ပြင်မှ ရေငွေ့ပျံမှုနှုန်းမြင့်မားခြင်း၊
- (ဃ) အပူချိန်အတက်အကျ လွန်ကဲခြင်း၊
- (င) စိုထိုင်းဆနိမ့်ခြင်း၊
- (စ) နေရောင်ဖြာထွက်မှု မြင့်မားခြင်း၊ တိမ်ကင်းစင်မှု မကြာခဏ ကြုံတွေ့ခြင်း၊
- (ဆ) သတ္တုဓာတ်ပါဝင်မှုများပြားသော်လည်း သဘာဝမြေဩဇာပါဝင်မှုနှုန်းနည်းခြင်း၊
- (ဇ) လေ၊ ရေ တိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာ တိုက်စားမှု လွန်ကဲခြင်း။

မြေအတန်းအစားကျဆင်းခြင်း၊ မိုးခေါင်ခြင်းနှင့် သဲကန္တာရဖြစ်ထွန်းခြင်းတို့ကို ဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းဖြစ်သည့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးကိုလည်း အလေးထားဆောင်ရွက်နိုင်ရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းခြင်းမပြုဘဲ မြေယာပြန်လည်ထိန်းသိမ်းခြင်းသည် အချည်းနှီးသာဖြစ်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နေရာအနှံ့အပြားရှိ နိုင်ငံများသည် မြေယာပြန်လည်ထိန်းသိမ်းရေးကို လုပ်ဆောင်နေသကဲ့သို့ ရာသီဥတုအခြေအနေများကိုလည်း အမြဲမပြတ် စောင့်ကြည့်လေ့လာရမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု လျော့နည်းစေသည့် နည်းလမ်းများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အဓိကမဏ္ဍိုင်တစ်ခု**

မြေယာ ပြန်လည်ထိန်းသိမ်းရေးသည် ဂေဟစနစ်ပြန်လည် ထူထောင်ရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ် (၂၀၂၁-၂၀၃၀) ၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ဂေဟစနစ်များကို ကာကွယ်ခြင်းနှင့် ပြန်လည်ကောင်းမွန်လာစေရန် တောင်းဆိုမှုတစ်ခုဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ပြည့်မီစေရန်အတွက်လည်း အရေးကြီးသော အရာတစ်ခုဖြစ်လာပါသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးအတွက် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀) နှင့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions –NDCs) အစီရင်ခံစာတို့ကို အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

NDCs အစီရင်ခံစာတွင် စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောနှင့် အခြားမြေ အသုံးချမှုကဏ္ဍနှင့် ပူးတွဲအကျိုးပြုကဏ္ဍများအဖြစ် စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးရေးကဏ္ဍ၊ ကျေးလက်မီးလင်းရေးကဏ္ဍနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေးကဏ္ဍတို့တွင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး ရည်မှန်းချက်များထားရှိ၍ နိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေအပေါ် အခြေခံပြီး NDCs ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်၏ ရန်ပုံငွေနှင့် ဆောင်ရွက်မည့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်မှုပမာဏမှာ ကာဗွန်ဒိုင်အောက်ဆိုက်တန် (၂၄၄ ဒသမ ၅၂)သန်းဖြစ်ပြီး နိုင်ငံတကာမှ ငွေကြေးနှင့် နည်းပညာအထောက်အပံ့ရရှိပါက ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်မှုမှာ ကာဗွန်ဒိုင်အောက်ဆိုက်တန် (၄၁၄ ဒသမ ၇၅) သန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်ကဲ့သို့သော ဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ ခရိုင် ၁၃ ခုတွင် အဓိကလုပ်ငန်းကြီး လေးခုဖြစ်သည့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာအသုံးချရေးလုပ်ငန်းများတိုးချဲ့ခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြေအတန်းအစားကျဆင်းခြင်းသည် ကုန်းတွင်းပိုင်းနေရင်းဒေသများ ပျက်စီးဆုံးရှုံးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို ခြိမ်းခြောက်ခြင်း၊ ဒေသခံပြည်သူများ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် အကန့်အသတ်ရှိသော သဘာဝအရင်းအမြစ်များအပေါ် စိန်ခေါ်မှုများ ဖြစ်ပေါ်စေခြင်းများကို လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မြေယာပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။

**မြေအတန်းအစားကျဆင်းခြင်းသည် ကုန်းတွင်းပိုင်းနေရင်းဒေသများ ပျက်စီးဆုံးရှုံးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို ခြိမ်းခြောက်ခြင်း၊ ဒေသခံပြည်သူများ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် အကန့်အသတ်ရှိသော သဘာဝအရင်းအမြစ်များအပေါ် စိန်ခေါ်မှုများ ဖြစ်ပေါ်စေခြင်းများကို လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မြေယာပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြေယာပြန်လည်ထိန်းသိမ်းခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ဖြေရှင်းချက်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၁၅ အောင်မြင်စေရန် ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့လည်းဖြစ်**

*စာမျက်နှာ ၁၁ သို့*

# အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ဟောပြော



**ရန်ကုန် ဇွန် ၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းပြီး နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားသော ဆေးဝါးများနှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များအကြောင်း ဆွေးနွေးဟောပြောပွဲကို မေ ၂၉ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)တို့က နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားသော ဆေးဝါး ၁၂၈ မျိုးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ် ဓာတုဗေဒပစ္စည်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ဖြစ်ပေါ်စေသည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် နိုင်ငံနှင့် လူမျိုးအပေါ် ထိခိုက်စေမည့် အန္တရာယ်များနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် တိုက်ဖျက်ရေးဆောင်ရွက်ချက်များအကြောင်း ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးဟောပြောချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မြေယာပြန်လည်ထိန်းသိမ်းခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ဖြေရှင်းချက်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၁၅ အောင်မြင်စေရန် ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့လည်း ဖြစ်ပါသည်။

မြေယာစီမံခန့်ခွဲမှုနှင့် မြေယာပြန်လည်ထိန်းသိမ်းခြင်း ဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများမှာ လူဦးရေတိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာမှု၊ မြေအသုံးချမှုပြောင်းလဲမှု၊ လူအများရွှေ့ပြောင်းနေထိုင်မှု၊ စွမ်းအင်၊ စားရေရိက္ခာနှင့် ရေအရင်းအမြစ်များ ရှားပါးလာမှုတို့ ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များကြောင့် လူသားတို့၏ စားနပ်ရိက္ခာဖူလုံမှုကို ပိုမိုပျက်စီးလွယ်ပြီး မြေအတန်းအစား ကျဆင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုများသည် ကြီးမားသော မတည်မငြိမ်မှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများအဖြစ် အသိအမှတ်ပြုလာကြပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ ၂၀၃၀ ကုလသမဂ္ဂအစီအစဉ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေရှည်တည်တံ့ပြီး စနစ်ကျကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုနှင့် မြေယာပြန်လည်ထိန်းသိမ်းခြင်း လုပ်ငန်းများသည် အထူးလိုအပ်လျက်ရှိပါသည်။

မြေယာစီမံခန့်ခွဲခြင်းနှင့် ပြန်လည်ထိန်းသိမ်းခြင်းကဏ္ဍတွင် သဟဇာတဖြစ်ပြီး လိုက်လျောညီထွေမှုရှိသော ဥပဒေ၊ မူဝါဒများနှင့် မဟာဗျူဟာများကို ထုတ်ပြန်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြေယာထိန်းသိမ်းရေးကဏ္ဍများကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။

## အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းထား

မြန်မာနိုင်ငံတွင် မြေအသုံးချမှုစီမံခန့်ခွဲမှုအတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ အဆိုပါ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများသဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့နှင့် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူးများအဖွဲ့တို့အား ဖွဲ့စည်းထားရှိပြီး မြန်မာနိုင်ငံ၏ အမျိုးသားမြေဥပဒေကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မြေယာပြန်လည်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၁၈ မှ ၂၀၂၆-၂၇ ထိ)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်း (၂၀၁၉-၂၀ မှ ၂၀၂၈-၂၉ ထိ)ကို ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ၊ ရေဝပ်ဒေသများ၊ ရေချိုကန်ကြီးများ (ဥပမာ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိုးယွန်းကြီးအင်း စသည်) ၏ ရေဝေရေလဲဒေသကြီးများ၊ ကမ်းရိုးတန်းဒေသများ၊ ဒီရေတောများနှင့် တောင်တန်းဒေသကြီးများ (အပူပိုင်းဒေသရှိ တောင်တန်းများ အပါအဝင်) ၏ ရေဝေရေလဲသစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အထူးလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ သစ်တောဂေဟစနစ်များ တိုးတက်ကောင်းမွန်စေရေးအတွက် အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံရေိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံရေိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး သဘာဝတောများကို ပြန်လည်ထိန်းသိမ်းခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကြေညာခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ သစ်တောများ စနစ်တကျစီမံအုပ်ချုပ်နိုင်ရန်၊ ထိန်းသိမ်းကာကွယ်နိုင်ရန် အခြေခံအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး သစ်တောမြေမှ အခြားမြေအသုံးချမှုများအဖြစ် ပြောင်းလဲအသုံးချမှုများ၊ သစ်တောသစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဖျက်ဆီးခြင်းများကို တားဆီးကာကွယ်နိုင်ရန်အတွက် ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေဆီလွှာအရည်အသွေးကို ထိခိုက်မှုမရှိစေသည့် သဘာဝမြေဩဇာများကို အသုံးပြုစေခြင်း၊ မြေဆီလွှာအရည်အသွေးကို ထိခိုက်မှုလျော့နည်းစေသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အသုံးပြုသည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်စေခြင်း၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်အတွက် ပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများ၊ အစားအစာဖူလုံမှုအပေါ် အကျိုးသက်ရောက်သည့် အထွက်နှုန်းကောင်းမွန်သော၊ ရေရှည်တည်တံ့သော၊ ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်သည့်စနစ်များ ကျင့်သုံးခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် စီမံကိန်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအရွယ်အစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ကနဦး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာများကို ရေးဆွဲစေပြီး မြေထုညစ်ညမ်းမှု လျော့နည်းစေသည့် နည်းလမ်းများကို စီမံကိန်းလုပ်ငန်းဆောင်ရွက်သူများက ထည့်သွင်းအကောင်အထည်ဖော် လိုက်နာဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ ရေဆိုးသန့်စင်ခြင်း၊ ဝန်းကျင်လေထုနှင့် ရေထုအရည်အသွေးများကို စောင့်ကြည့်လေ့လာခြင်းနှင့် စီမံခန့်ခွဲခြင်း၊ အရည်အသွေး ကျဆင်းနေသော မြေဆီလွှာကို ပြန်လည်ထိန်းသိမ်းခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ မြေယာစီမံခန့်ခွဲခြင်းနှင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အသိပညာဗဟုသုတများကို ဆက်စပ်ပတ်သက်သူများသို့ မျှဝေခြင်းတို့ဖြင့် နေရင်းဒေသများ ထိန်းသိမ်းခြင်းနှင့် မြေယာပြန်လည်ထိန်းသိမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ မြေယာပြန်လည်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများကို မျှဝေပေးခြင်းဖြင့် ဆက်စပ်ပတ်သက်သူအားလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး မြေယာပြန်လည်ထိန်းသိမ်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို အားကောင်းလာစေမည်ဖြစ်ပါသည်။

## ကုလသမဂ္ဂဆိုင်ရာ ကွန်ဗင်းရှင်းများ

ထို့အပြင် သဲကန္တာရတိုက်ဖျက်ရေး၊ မြေယာပြန်လည်ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သည့် ကုလသမဂ္ဂဆိုင်ရာ ကွန်ဗင်းရှင်းများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းနှင့် သဲကန္တာရတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ စသည်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်၍ ကွန်ဗင်းရှင်းများ၏ ရည်မှန်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သစ်တောမြေများ ပြန်လည်တည်ထောင်ခြင်းအပြင် သဘာဝဘေးအန္တရာယ်များကို လျှော့ချခြင်း၊ ဂေဟစနစ်ကို အခြေပြုသည့် လိုက်လျောညီထွေဖြစ်စေခြင်း၊ မြေဆီလွှာအတန်းအစားကျဆင်းမှုကို လျော့နည်းစေခြင်းနှင့် မြေယာပြန်လည် ထိန်းသိမ်းခြင်းကဲ့သို့သော ကတိကဝတ်များကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

မြေယာသယံဇာတများသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက် ချမှတ်ပြီး စီမံအုပ်ချုပ်အသုံးချရမည့် အရင်းအမြစ်များဖြစ်သည့်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် မြေယာပြန်လည်ထိန်းသိမ်းရေး ကဏ္ဍများတွင် ပြည်သူလူထုများပါ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## မြေယာပြန်လည်ထိန်းသိမ်းခြင်း

သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေးအတွက် မြေယာပြန်လည်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် မိသားစုတစ်စုချင်းအနေဖြင့် မိမိနေအိမ်တွင် ရေများကို ချွေတာသုံးစွဲခြင်း၊ မိုးရေကို စနစ်တကျစုဆောင်းအသုံးပြုခြင်းများ အပါအဝင် ရေကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ အပူဒဏ်လျှော့ချရေးအတွက် ဒေသမျိုးရင်းအပင်များနှင့် ကြီးမြန်သစ်ပင်များကို စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ မိမိတို့ လယ်ယာမြေအစပ်ဧရိယာတစ်လျှောက်တွင် သစ်ပင်များစိုက်ပျိုးခြင်း၊ မြေဆီလွှာထိန်းသိမ်းပေးခြင်းနှင့် အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် သီးပင်စားပင်မျိုးစုံ စိုက်ပျိုးခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ **“သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး”** ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတွင် မြေယာပြန်လည်ထိန်းသိမ်းရန်၊ ရာသီဥတုပြောင်းလဲမှုကို လျော့နည်းစေရန်၊ သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်နှင့် မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသော လူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံရေးကို မြှင့်တင်ရန်အတွက် အားလုံးပူးပေါင်းပါဝင်၍ မြေယာပြန်လည်ထိန်းသိမ်းခြင်းကို အရှိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

References;

https://www.unep.org/events/un-day/world-environment-day-2024

https://www.unep.org/news-and-stories/statements/world-environment-day-2024-accelerating-land-restoration-drought

https://www.unep.org/news-and-stories/press-release/saudi-arabia-host-world-environment-day-2024-focus-land-restoration

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာ အချက်အလက်များ (၂၀၂၂)

နှစ်(၂၀) ပြည့်အထိမ်းအမှတ် မှတ်တမ်းစာအုပ် (၁၉၉၇-၂၀၁၇)

မြန်မာ့အလင်း



# နီပေါ - မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ IT နည်းပညာ မိတ်ဆက်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ ပထမဆုံး အကြိမ် စီစဉ်ကြီးမှူးပြီး နီပေါ - မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ IT နည်းပညာ မိတ်ဆက်ဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ သံအမတ်ကြီး H.E. Harish-chandra Ghimire ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း အပါအဝင် ဖိတ်ကြားထားသော တာဝန်ရှိသူများ တက်ရောက်ဂုဏ်ပြုကာ ခင်းကျင်းပြသထားသောပြခန်းများကို ကြည့်ရှုလေ့လာသည်။

နီပေါနှင့် မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး နီပေါနိုင်ငံ IT ကုမ္ပဏီပေါင်း ၁၃ ခုမှ ခင်းကျင်းပြသ မိတ်ဆက်ထားသည်။

"မြန်မာနိုင်ငံမှာ ၂၀၃၀ ပြည့်နှစ်လောက်ရောက်ရင် Digital Economy က မြန်မာ့ GDP ရဲ့ သုံးပုံတစ်ပုံနီးပါးလောက် ဖြစ်နိုင်ဖို့ တွန်းသွားချင်ပါတယ်။ လက်ရှိ အနေအထားမှာ Digital Economy က GDP နဲ့ တစ်ခုလုံးယှဉ်လိုက်ရင် ၄/၅ ရာခိုင်နှုန်းလောက်ပဲ ရှိပါဦးမယ်။ အများကြီး တိုးတက်အောင်လုပ်ဖို့ လိုပါတယ်။ ဒါမှ စီးပွားရေးက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု Myanmar Digital Economy Association ၏ ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က ပြောသည်။

ဆက်လက်၍ အခမ်းအနားတွင် Presentation Session နှင့် B to B Meeting များပြုလုပ်ကာ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာလင်း**



# ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား နိုင်ငံတော်က တစ်လစာဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

**ဆီဆိုင် ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်လစာဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ဇဝနာရာမပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကား ပြောကြားရာတွင် အေးချမ်းလုံခြုံစွာ ရှိနေခဲ့သည့် ဆီဆိုင်မြို့နယ်ကို မကြာသေးမီ ကာလတွင် အကြမ်းဖက်သောင်းကျန်းသူများက ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် မလိုလားအပ်သည့်ထိခိုက်ပျက်စီးမှုများ များစွာကြုံတွေ့ခဲ့ရကြောင်း၊ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် ဆက်သွယ်ရေးလိုင်းများ ပြင်ဆင်ခြင်း၊ အပျက်အစီးများကို ရှင်းလင်းခြင်း၊ မြို့ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေး၊ ယာယီဈေးနှင့် စာသင်ကျောင်းများ အချိန်မီဖွင့်လှစ်နိုင်ရေး၊ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများနှင့် မြို့မဈေး ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါအေးချမ်းလုံခြုံမှုရှိလာပြီဖြစ်သည့်အတွက် ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား စားနပ်ရိက္ခာပြည့်စုံစေရန် ရည်ရွယ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဦးကို တစ်ရက်လျှင် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် တစ်လစာ ဆန်ရိက္ခာ ခုနစ်ပြည်ခွဲနှုန်း စတင်ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ မြို့တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီး လုပ်လာနိုင်သည့် အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးလာနိုင်မည့် အန္တရာယ်များကာကွယ်ရေးနှင့် မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ဆန်ရိက္ခာများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်သူရနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ လက်ဝယ်သို့ ဆက်လက်ထောက်ပံ့ပေးအပ်နိုင်ရေး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့ပေးအပ်သည်။(ဝဲပုံ)

အဆိုပါ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာ ခြောက်ရွာတို့မှ စုစုပေါင်းဒေသခံ ၈၂၀၆ ဦးတို့အတွက် ဆန်ရိက္ခာတစ်ဦးကို တစ်ရက်လျှင် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် တစ်လစာအတွက် စုစုပေါင်းဆန်အိတ် ၂၅၆၄ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၂ သိန်းကျော် ကျောင်းအပ်နှံပြီးစီး

**နေပြည်တော် ဇွန် ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းများ ကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု လက်ခံခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက လာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူ များအတွက် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း ထောက်ပံ့ပေးအပ်ကြသည်။



ကျောင်းအပ်နှံရေး သီတင်းပတ်၏ ဒသမနေ့ဖြစ်သည့် ဇွန်လ ၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၆၂၇၅၆၇၁ ဦး အပ်နှံပြီးစီးခဲ့ပြီး ယနေ့ဇွန် ၂ ရက်အထိ ဆက်လက်အပ်နှံလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးကျင်းပ

**အောင်လံ ဇွန် ၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အခမ်းအနားကို မေ ၃၀ ရက်က အထက (၁)ရွှေရတုခန်းမ၌ ကျင်းပရာ ဦးစွာ အထက (၁) ကျောင်းသားကျောင်းသူများက အနာဂတ် လူရည်မွန်သီချင်းကို သီဆိုဖွင့်လှစ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးကျော်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ခရိုင်ပညာရေးမှူး ဦးဌေးလွင်က ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်နှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော စားရေးကိရိယာများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်ကာ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် အောင်လံခရိုင်မှ လူရည်ချွန်ရရှိခဲ့သည့်ကျောင်းသား ကျောင်းသူ ရှစ်ဦးအား ဆုချီးမြှင့်ခြင်း၊ အခြေခံပညာကျောင်းများသို့ အလှူရှင်များက အလှူငွေများပေးအပ်ကာ အထက (ရွာထောင်)မှ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။



**မောင်ယဉ်ကျေး**

# ရာသီဥတုညွှန်းကိန်း သီးနှံအာမခံဆိုင်ရာရှင်းလင်း

**သာပေါင်း ဇွန် ၁**

သာပေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာနှင့် ဧရာဝတီတိုင်းဒေသကြီးရုံး မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိသူများသည် မိုးစပါးသီးနှံ အာမခံဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဦးဇင်မင်းသိုက်နှင့် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူက သီးနှံအာမခံလုပ်ငန်းဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယာထိုက်၊ နှင့်တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တတ်ရောက်ကြသည်။

**သာပေါင်း (ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ၌ အပူလှိုင်းဒဏ်ကြောင့် သေဆုံးသူ ၅၀ ကျော်ရှိလာ



**နယူးဒေလီ ဇွန် ၁**

**လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံ ဒေသအနှံ့အပြားသို့ ပြင်းထန်သည့် အပူလှိုင်းဖြတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါအပူလှိုင်းဖြတ်မှုကြောင့် နိုင်ငံဒေသအများအပြား အထူးသဖြင့် နိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၅၀ ကျော် သေဆုံးမှုဖြစ်ပွားကြောင်း ဒေသတွင်း မီဒီယာများနှင့် အစိုးရတာဝန်ရှိသူများက သောကြာနေ့တွင် ပြောသည်။**

အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၂၀၀ နီးပါး မူးမေ့လဲကျမှုဖြစ်ပွားကာ ဆေးရုံတင်ထားရကြောင်းလည်း သိရသည်။ သေဆုံးသူအများစုမှာ လူငယ်လူရွယ်များဖြစ်ပြီး နိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တစ်ခုတည်းမှ ဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် အခြားသေဆုံးသူများမှာ ဒေလီ၊ မြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ အလယ်ပိုင်း မတ်ဒရာပရာဒေ့ရှ်ပြည်နယ်၊ အရှေ့ပိုင်း သြဒိရှာပြည်နယ်နှင့် အနောက်ပိုင်း ရာဂျာစသန်ပြည်နယ်တို့မှ ဖြစ်သည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အထူးသဖြင့် ဒေလီနှင့် ရာဂျာစသန်ဒေသအနှံ့အပြားတို့မှာ အပူချိန် ၅၃ ဒီဂရီဆဲလ်စီးယပ်စ်နီးပါးအထိ မြင့်တက်ခဲ့သည်။ ပုဂ္ဂလိက သတင်းဌာန ANI က ဥတ္တရပရာဒေ့ရှ်ပြည်နယ် မီဇာပူဒေသတွင် အပူချိန်လွန်ကဲမှုကြောင့် ရွေးကောက်ပွဲတာဝန် ထမ်းဆောင်နေသည့် လုံခြုံရေးဝန်ထမ်းခြောက်ဦး သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ မဲပေးမှုပြီးဆုံးပြီဟု ရွေးကောက်ပွဲကော်မရှင်ပြော

**နယူးဒေလီ ဇွန် ၁**

အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ နောက်ဆုံးအဆင့် မဲပေးမှုမှာ ပြီးဆုံးသွားပြီဟု အိန္ဒိယရွေးကောက်ပွဲ ကော်မရှင် (အီးစီအိုင်) က ဇွန် ၁ ရက်တွင် ကြေညာသည်။




နှစ်လခွဲနီးပါးကြာ ကာလရှည် လုပ်ငန်းစဉ်ကြီး ပြီးဆုံးသွားပြီဖြစ်သည်။ နောက်ဆုံးအဆင့် မဲပေးမှု ပြီးဆုံးသွားပြီဖြစ်သည့်အတွက် မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီဒီယာများနှင့် နိုင်ငံရေးပါတီများကို ကျေးဇူးတင်ကြောင်း ကော်မရှင်က လူမှုကွန်ရက်မီဒီယာတွင် ကြေညာခဲ့သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိသူများသည် အိန္ဒိယပါလီမန်အောက်လွှတ်တော် အမတ်များ ဖြစ်လာမည်ဖြစ်သည်။

အိန္ဒိယ ရွေးကောက်ပွဲကော်မရှင်သည် မတ် ၁၆ ရက်တွင် ရွေးကောက်ပွဲကို တရားဝင်ကြေညာခဲ့ပြီး ပထမအဆင့်မဲပေးမှုများကို ဧပြီ ၁၉ ရက်တွင် စတင်ကျင်းပခဲ့သည်။ လွှတ်တော် မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိသည့် နိုင်ငံရေးပါတီမှာ အစိုးရအသစ်ဖွဲ့ရန် အခွင့်အရေးရရှိမည်ဖြစ်သည်။ ဇွန် ၄ ရက်မှစတင်ကာ မဲရေတွက်မှုများ စတင်မည်ဖြစ်ပြီး နောက်ဆုံးရလဒ်များကို ဇွန် ၄ ရက် သို့မဟုတ် ဇွန် ၅ ရက်တွင် ရွေးကောက်ပွဲကော်မရှင်ကကြေညာမည်ဟု ခန့်မှန်းထားသည်။

ဆင်ဟွာ

# အစ္စရေးတပ်များဆုတ်ခွာသွားပြီးနောက် ဂါဇာရှိ ဂျာဘာလီယာစခန်း၌ လူပေါင်း ၇၀ ထက်မနည်းသေဆုံး

**ဂါဇာ ဇွန် ၁**

အစ္စရေးက သီတင်းသုံးပတ်နီးပါးကြာ ထိုးစစ်ဆင်ပြီးနောက် ၎င်း၏တပ်ဖွဲ့များ ဆုတ်ခွာသွားခဲ့သည့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဂျာဘာလီယာ ဒုက္ခသည်စခန်း၌ မေ ၃၁ ရက်က ပါလက်စတိုင်း ၇၀ ထက်မနည်း သေဆုံးသည်ကို တွေ့ရှိရကြောင်း သိရသည်။

လူနာတင်ယာဉ်များနှင့် အရပ်ဘက် ကာကွယ်ရေးဝန်ထမ်းများသည် ပျောက်ဆုံးနေသူများကို ရှာဖွေရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေစဉ် အဆိုပါ ယာယီစခန်းမှ ကလေး ၂၀ အပါအဝင် သေဆုံးသူ ၇၀ ခန့် တွေ့ရှိခဲ့ကြောင်း ဒေသတွင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

အစ္စရေး၏စစ်ဆင်ရေး လုပ်ဆောင်ခဲ့စဉ်အတွင်း လေကြောင်းနှင့် အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် နေအိမ်များ၊ အမိုးအကာများနှင့် ဆေးရုံများ၏ အပျက်အစီးများအောက်တွင် အခြားဒါဇင်နှင့်ချီကာ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သတင်းရင်းမြစ်များက မှတ်ချက်ပြုထားသည်။

အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာသွားပြီးနောက် ရာနှင့်ချီသည့် ဒေသခံများသည် ပစ္စည်းများကို စစ်ဆေးရန်အတွက် ၎င်းတို့၏ နေအိမ်များသို့ ပြန်လာခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် အလုပ်သမားအဖွဲ့သည် မေ ၃၁ ရက်က နေရပ်စွန့်ခွာပြည်သူများရှိသည့် ဂျာဘာလီယာမြို့ရှိ အေဂျင်စီထံမှ ယင်းသို့ ကြောက်မက်ဖွယ် သတင်းကို ကြားသိရကြောင်း ပြောကြားသည်။

ဆင်ဟွာ



# အာဖဂန်အရှေ့ပိုင်း၌ လှေတိမ်းမှောက်မှုကြောင့် ရှစ်ဦးသေဆုံး၊ ငါးဦးပျောက်ဆုံးနေ

**ဂျာလာလာဘတ် ဇွန် ၁**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်ရှိ မြစ်၌ လူ ၂၆ ဦးတင်ဆောင်လာသည့်လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ရှစ်ဦးထက်မနည်းသေဆုံးပြီး အခြား ငါးဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသတွင်း အာဏာပိုင်တစ်ဦးက ဇွန် ၁ ရက်တွင် ပြောကြားသည်။ မန်မက်ဒါရာခရိုင် ဘာဆိုဒေသ၌ ဇွန် ၁ ရက် နံနက်ပိုင်းက ယင်းလှေမှာ မြစ်ကိုဖြတ်ကူးစဉ် တိမ်းမှောက်ခဲ့ကြောင်း ပြည်နယ်ပြန်ကြားရေးဌာနမှ အကြီးအကဲဖြစ်သူ ခူရိုင်ရှိဘက်လွန်က ပြောကြားသည်။

လှေတိမ်းမှောက်မှုဖြစ်ပွား ပြီးနောက် ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး အခြားငါးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ခရီးသည်အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း သိရသည်။ ယခုအချိန်အထိ သေဆုံးသူရှစ်ဦးကို ပြန်လည်တွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဟစ်ဇ်ဘိုလာက အစ္စရေးဒရုန်းတစ်စင်းကို လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ပစ်ချ

**ဘေရွတ် ဇွန် ၁**

အစ္စရေးဒရုန်းတစ်စင်းကို ဟစ်ဇ်ဘိုလာက လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ပစ်ချလိုက်နိုင်သည်ဟု ဇွန် ၁ ရက်တွင် ကြေညာခဲ့သည်။ သတိထား စောင့်ကြည့်မှုများပြုလုပ်ခဲ့ပြီးနောက် ကျေးရွာများနှင့် ပြည်သူများကို ဒုက္ခပေးနေသည့် ဟားမိစ် ၉၀၀ ဒရုန်းကို ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများက ပစ်ချခဲ့ကြောင်း၊ အဆိုပါဒရုန်းမှာ လက်ဘနွန်နယ်မြေများတွင် ပစ်မှတ်ထားကာ တိုက်ခိုက်နေသည့် ဒရုန်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာက ပြောသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းမှနေ၍ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်တပ်ဖွဲ့ သတင်းအရင်းအမြစ်တစ်ခုက ဆင်ဟွာသို့ပြောသည်။ အဆိုပါဒုံးကျည်ဖြင့် အစ္စရေးဒရုန်းကိုပစ်ချနိုင်ခဲ့ခြင်းဖြစ်ပြီးဒရုန်းမှာ မီးလောင်ခဲ့ကာ နာဘာတီမြို့တွင် ပျက်ကျသွားခဲ့သည်ဟု အဆိုပါသတင်းအရင်းအမြစ်က ပြောသည်။

ယခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလအတွင်းကလည်း အစ္စရေးတို့၏ ဒရုန်းများကို ပစ်ချနိုင်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာက ပြောသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစတင်ကာ လက်ဘနွန် - အစ္စရေး နယ်စပ်တွင် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ ဟစ်ဇ်ဘိုလာက ဟားမားစ်နှင့် ချစ်ကြည်ရင်းနှီးမှုကိုပြသသည့်အနေဖြင့် အစ္စရေးသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အစ္စရေးတို့ကလည်း လက်ဘနွန်နိုင်ငံ အရှေ့တောင်ပိုင်းသို့ဦးတည်ကာ လက်နက်ကြီးများဖြင့် လက်တုံ့ပြန်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဆင်ဟွာ

# မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အရှေ့အာဖရိကဒေသတွင် ၅၂၈ ဦးထက်မနည်းသေဆုံး

**နိုင်ရိုဘီ ဇွန် ၁**

အရှေ့အာဖရိကဒေသတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၅၂၈ ဦး သေဆုံးကြောင်း၊ ထို့ပြင် ပျက်စီးဆုံးရှုံးမှုများနှင့် အိုးအိမ်စွန့်ခွာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂ ကယ်ဆယ်ရေးအေဂျင်စီက သောကြာနေ့တွင် ပြောသည်။

အိုးအိမ်စွန့်ခွာသူပေါင်း ၄၈၂ ၃၂၀ အပါအဝင် မေ ၃၀ ရက်အထိ အီသီယိုးပီးယား၊ ကင်ညာနှင့် ဆိုမာလီယာနိုင်ငံတို့မှ လူပေါင်း ၁ ဒသမ ၆ သန်း ရေဘေးသင့်မှုဖြစ်ပွားကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(အိုစီအိတ်ချ်အေ)က ပြောသည်။

အရှေ့အာဖရိကဒေသတစ်ဝန်း လူသားချင်းစာနာမှု မိတ်ဖက်များက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အစိုးရများသို့ ကူညီမှုများ ဆက်လက်ထောက်ပံ့လျက်ရှိသည်ဟု အိုစီအိတ်ချ်အေက ပြောသည်။ ဂျီဘူတီ၊ အီရီထရီးယား၊ အီသီယိုးပီးယားနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်း၊ ကင်ညာနိုင်ငံ အနောက်ပိုင်းနှင့် ကမ်းရိုးတန်း၊ ယူဂန္ဓာနိုင်ငံ ဒေသအများအပြား၊ တောင်ဆူဒန်နှင့် ဆူဒန်နိုင်ငံစသည့်ဒေသအများအပြားတွင် ဇွန်လမှ စက်တင်ဘာလအထိ ပျမ်းမျှမိုးရေချိန်အထက်ရှိမည်ဟု ခန့်မှန်းထားသည်။

ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယမှာ ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ဇင်ဘာဘွေနဲ့ နမီးဘီးယားမှာ မိုးခေါင်ရေရှားမှုဖြစ်ပေါ်

**လင်းလက်ကြယ်**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ရီမယ်(လ်)ကြောင့် ခူးလ်နာပြည်နယ်မှ ဒေသခံပြည်သူများ လှေများဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့စဉ်။

လက်တလော ဆိုင်ကလုန်းမုန်တိုင်း ရီမယ်(လ်)တိုက်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယ စတဲ့ နိုင်ငံအချို့မှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှု များစွာဖြစ်ပွားနေပေမယ့် ဇင်ဘာဘွေ၊ နမီးဘီးယားစတဲ့ အာဖရိကနိုင်ငံအချို့မှာ မိုးခေါင်ရေရှားမှုကြောင့် သဘာဝဘေးအန္တရာယ် အရေးပေါ် အခြေအနေကြေညာရတဲ့အထိ ဖြစ်ပွားလျက်ရှိပါတယ်။

## အိန္ဒိယနိုင်ငံမှာ ၃၂ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရ

ဆိုင်ကလုန်းမုန်တိုင်း ရီမယ် (လ်) တိုက်ခတ်မှုမှဖြစ်ပေါ်လာတဲ့ မိုးသည်းထန်စွာရွာသွန်းမှုနဲ့ မြေပြိုကျမှုတွေကြောင့် အိန္ဒိယနိုင်ငံ အနောက်ဘန်ဂေါ ပြည်နယ်နဲ့ အရှေ့မြောက်ပိုင်းပြည်နယ် လေးခုမှာ လူပေါင်း ၃၂ ဦး ထက် မနည်း သေဆုံးကာ အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတွေက မေ ၂၉ ရက်မှာ ပြောပါတယ်။

သစ်ပင်တွေနဲ့ လျှပ်စစ်ဓာတ်တိုင်တွေ လဲပြိုကျမှုတွေက ပြည်နယ်ရှိ ဒေသအများအပြားကို ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်တွေနဲ့ လယ်ယာမြေတွေလည်း ရေနစ်မြုပ်မှုဖြစ်ပွားစေပါတယ်။ ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းပိုင်းဝင်ရောက်လာတာကြောင့် ဒေသန္တရအစိုးရက ဘေးကင်းလုံခြုံမှုမရှိတဲ့ ဒေသတွေက လူပေါင်း ၁၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာ ပြောင်းရွှေ့ပေးခဲ့ပါတယ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူပေါင်း သန်းနှင့်ချီ မုန်တိုင်းဒဏ် ခံခဲ့ရ

ဆိုင်ကလုန်းမုန်တိုင်း ရီမယ်(လ်) က အိန္ဒိယနိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းမှာရှိတဲ့ ခရိုင်ခြောက်ခုကို ဆိုင်ကလုန်းမုန်တိုင်းရီမယ် (လ်) ဝင်ရောက်တိုက်ခတ်ခဲ့တာကြောင့် ၁၀ ဦးထက် မနည်း သေဆုံးကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးနဲ့ ကယ်ဆယ်ရေးဝန်ကြီး မိုဟီဘာရာမန်က မေ ၂၇ ရက်မှာ ပြောပါတယ်။ အင်အားအလွန်ပြင်းထန်တဲ့ မုန်တိုင်းဒဏ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင် ၁၉ ခုမှ လူပေါင်းသန်းနှင့်ချီ ခံခဲ့ရကြောင်းနဲ့ အိုးအိမ် ၁၄၈၅၃၃ လုံးမှာလည်း အလုံးစုံသို့မဟုတ် တစ်စိတ်တစ်ပိုင်းပျက်စီးဆုံးရှုံးမှုဖြစ်ပွားကြောင်း ပြောပါတယ်။

မုန်တိုင်းမဝင်ရောက်မီ လူပေါင်း တစ်သန်းနီးပါးကို ဘေးလွတ်ရာ ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်းလည်း ရာမန်က ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ကမ်းရိုးတန်းဒေသတွေမှာ လေပြင်းတိုက်ခတ်မှုတွေကြောင့် သစ်ပင်နဲ့နေအိမ်တွေ လဲပြိုကျခြင်း၊ အဆောက်အအုံအမိုးတွေ လန်ကျခြင်းတို့အပြင် ဒေသအများအပြားမှာလည်း လျှပ်စစ်နဲ့ ရေပြတ်တောက်မှုများ ဖြစ်ပွားခဲ့ပါတယ်။ ဒါ့ပြင် မုန်တိုင်းရီမယ်(လ်)ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရထားလမ်း၊ လမ်းနဲ့ လေကြောင်း ခရီးသွားလာရေးတို့မှာလည်း အခက်ကြုံခဲ့ရပါတယ်။

အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ မုန်တိုင်း ရီမယ်(လ်)ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်ပေါ်နေပေမယ့် ဇင်ဘာဘွေ၊ နမီးဘီးယား စတဲ့အာဖရိကနိုင်ငံအချို့မှာတော့ ဆိုးရွားလှတဲ့မိုးခေါင်ရေရှားမှုဟာ မမျှော်လင့်ထားတဲ့အဆင့်တစ်ခုကိုရောက်ရှိနေပြီး အခက်အခဲတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။



အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ် နာဂါအွန်ခရိုင်၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် အမြစ်လန်လဲကျပြီး လမ်းပိတ်ဆို့ဖြစ်ပွားသော သစ်ပင်ကို ပြည်နယ်ဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့က ရှင်းလင်းဆောင်ရွက်စဉ်။

## အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံအထိ တိုးမြှင့်တောင်းခံထား

ဇင်ဘာဘွေနိုင်ငံမှာ မိုးခေါင်ရေရှားမှုကြောင့် လာမယ့်နှစ် မတ်လအထိ စားရေရိက္ခာ မလုံလောက်မှုနဲ့ ကြုံတွေ့နိုင်ဖွယ်ရှိတဲ့ နိုင်ငံ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းကိုဖြည့်ဆည်းပေးဖို့အတွက် လွန်ခဲ့တဲ့လက ကနဦး အကူအညီတောင်းခံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကနေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံအထိ မကြာသေးမီက တိုးမြှင့်တောင်းခံလိုက်ပါတယ်။

လက်ရှိ စားရေရိက္ခာလုံလောက်မှုမရှိတဲ့အရေအတွက်မှာ ကိုးသန်းရှိတယ်လို့ ခန့်မှန်းရကြောင်း၊ ယင်းအရေအတွက်မှာ ကနဦး ၇ ဒသမ ၇ သန်းမှ တိုးလာခြင်းဖြစ်ကြောင်းနဲ့ နိုင်ငံ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းနဲ့ညီမျှကြောင်း ဒေသန္တရအစိုးရနဲ့ ပြည်သူ့လုပ်ငန်းဝန်ကြီး ဒန်နီရယ်ဂါဝီက ပြောပါတယ်။

ကုလသမဂ္ဂနဲ့ ပူးတွဲစားရေရိက္ခာ အကူအညီတောင်းခံမှု စတင်လိုက်ပြီး ယနေ့အချိန်အထိ ထောက်ပံ့ကူညီမှုတွေအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမိတ်ဖက်များကို ဂါဝီက ကျေးဇူးတင်ကြောင်း ပြောပါတယ်။ ဒါ့အပြင် နိုင်ငံအတွင်း အဲဒီလို စားရေရိက္ခာလိုအပ်နေသူတွေကို ကူညီဖို့ ၎င်းတို့ရဲ့ ပံ့ပိုးကူညီမှုတွေကို အရှိန်မြှင့်လုပ်ဆောင်ဖို့အတွက်လည်း ဂါဝီက တိုက်တွန်းခဲ့ပါတယ်။

လွန်ခဲ့တဲ့လမှာ သမ္မတ အမ်မာဆန်က မိုးခေါင်ရေရှားမှုကြောင့် ဇင်ဘာဘွေနိုင်ငံဟာ သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေနဲ့ ကြုံတွေ့နေရကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထို့ပြင် ၎င်းက မိုးခေါင်ရေရှားမှုကို တုံ့ပြန်ဆောင်ရွက်ဖို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ လိုအပ်ကြောင်းလည်း ပြောကြားခဲ့ပါသေးတယ်။

ကုလသမဂ္ဂက ဇင်ဘာဘွေနိုင်ငံမှာ မိုးခေါင်ရေရှားမှုကြောင့် အခက်အခဲကြုံတွေ့နေတဲ့ လူပေါင်း ၃ ဒသမ ၁ သန်းနီးပါးကို ကူညီပေးနိုင်ဖို့ အမေရိကန်ဒေါ်လာ ၄၂၉ ဒသမ ၃ သန်း အကူအညီတောင်းခံမှုတစ်ရပ် စတင်လိုက်ပါတယ်။

## နမီးဘီးယားနိုင်ငံ၌ အရေးပေါ်အခြေအနေကြေညာ

ဇင်ဘာဘွေနိုင်ငံနည်းတူ နမီးဘီးယားနိုင်ငံကလည်း နိုင်ငံအတွင်း ဒေသ ၁၄ ခုလုံး ထိခိုက်စေတဲ့ ပြင်းထန်မိုးခေါင်ရေရှားမှုကို တုံ့ပြန်ဆောင်ရွက်ဖို့ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ မိုးခေါင်ရေရှားမှုက ထိခိုက်ခံစားရတဲ့ အိမ်ထောင်စုတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ခြိမ်းခြောက်လျက်ရှိကြောင်း ဝန်ကြီးချုပ်ရုံးမှ ပြည်သူ့ဆက်ဆံရေးအရာရှိချုပ် ရင်ဂို မူတမ်ဘိုက ဆိုပါတယ်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ မိုးခေါင်ရေရှားမှုလျော့ပါးရေး အစီအစဉ်အတွက် ခွဲဝေချထားတဲ့ အစိုးရရဲ့ ဘတ်ဂျက် နမီးဘီးယားဒေါ်လာ ၈၂၅ သန်းကို ဖြည့်ဆည်းဖို့အတွက် နောက်ထပ် အရင်းအမြစ်တွေ လိုအပ်ကြောင်း မူတမ်ဘိုက ဆိုပါတယ်။ ဒါကြောင့် မိုးခေါင်ရေရှားမှု လျော့ပါးရေးအစီအစဉ်ကို အလုံးစုံအကောင်အထည်ဖော်နိုင်ဖို့ နောက်ထပ် အရင်းအမြစ်တွေနဲ့အတူ

> " ဇင်ဘာဘွေနိုင်ငံမှာ မိုးခေါင်ရေရှားမှုကြောင့် လာမယ့်နှစ် မတ်လအထိ စားရေရိက္ခာ မလုံလောက်မှုနဲ့ ကြုံတွေ့နိုင်ဖွယ်ရှိတဲ့ နိုင်ငံ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးဖို့အတွက် လွန်ခဲ့တဲ့ လက ကနဦး အကူအညီတောင်းခံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကနေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံအထိ မကြာသေးမီက တိုးမြှင့်တောင်းခံ "

အစိုးရကိုပံ့ပိုးကူညီရေးအတွက် ပုဂ္ဂလိကကဏ္ဍတွေ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်တွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ၎င်းက တောင်းဆိုထားပါတယ်။

## ၂၀၁၃၊ ၂၀၁၆ နဲ့ ၂၀၁၉ ခုနှစ်တို့မှာ အရေးပေါ်အခြေအနေထုတ်ပြန်

နမီးဘီးယားနိုင်ငံဟာ ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှုကြောင့် ၂၀၁၃ ခုနှစ်၊ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တို့မှာ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သလို ယခု ၂၀၂၄ ခုနှစ်မှာလည်း အလားတူ ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။ ယခုလို မိုးခေါင်ရေရှားမှုက စီးပွားရေး အထူးသဖြင့် စိုက်ပျိုးရေးကို သိသိသာသာ ထိခိုက်မှုဖြစ်ပွားစေပြီး သီးနှံအထွက်နှုန်းလျော့ကျစေကာ မွေးမြူရေးတိရစ္ဆာန်ဆုံးရှုံးမှုကိုလည်း ကြီးကြီးမားမား ထိခိုက်စေပါတယ်။

ဒါ့အပြင် စားနပ်ရိက္ခာမလုံလောက်မှုကိုလည်း မြင့်တက်စေပါတယ်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ်က မိုးခေါင်ရေရှားမှုအတွင်းမှာဆိုရင် မွေးမြူရေးတိရစ္ဆာန် အကောင်ရေ ၁၀၀၀၀၀ နီးပါး သေဆုံးကာ စိုက်ပျိုးရေးထုတ်လုပ်မှုမှာလည်း စံချိန်တင်ကျဆင်းမှု ဖြစ်ပွားခဲ့ပါတယ်။

**ကိုးကား - ဆင်ဟွာ**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကော်မတီများအလိုက် အစည်းအဝေးကျင်းပ မြန်မာနိုင်ငံ၏ပထမဆုံး အမျိုးသမီးဘောလုံးအကယ်ဒမီ တည်ဆောက်ရေးနှင့် ကစားကွင်းများ အဆင့်မြှင့်တင်ရေးကိစ္စများဆွေးနွေး



**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘောလုံးကွင်းနှင့် အခြေခံ အဆောက်အအုံဆိုင်ရာ ကော်မတီ (Infrastructure Committee)၊ ဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီ(Organizing Committee)၊ လူငယ်ဘောလုံး ပြိုင်ပွဲကျင်းပရေး ကော်မတီ (Youth Competitions Commi-ttee) အစည်းအဝေးများကို ဇွန် ၁ ရက်က Novotel Yangon Max ၌ သီးခြားစီ ကျင်းပသည်။

အစည်းအဝေးများသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ ဘဏ္ဍာရေးမှူး ဦးသန်းဇော်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်နှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ အဖွဲ့ချုပ် အမှုဆောင်များ ဖြစ်ကြသည့် ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဦးဝင်းသော်၊ ဦးလှကျော်ဝင်း၊ ဦးသီဟစည်သူ၊ ဦးစိုးမြတ်မင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ခေတ္တအထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ သက်ဆိုင်ရာ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများဖြစ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဘောလုံး အကယ်ဒမီ တည်ဆောက်ရေးနှင့် ကစားကွင်းများ အဆင့်မြှင့်တင်ရေးကိစ္စများ၊ ဖူဆယ်လေ့ကျင့်ရေး ကွင်းများ တည်ဆောက်ရေး၊ လူငယ်ပြိုင်ပွဲကျင်းပရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် လူငယ် ဘောလုံးပြိုင်ပွဲများ အသက် မှန်ကန်စွာကျင်းပနိုင်ရေး၊ အမျိုးသမီး ယူ-၁၅ လိဂ်ပြိုင်ပွဲ ကျင်းပရေး၊ အမျိုးသား ယူ-၁၅နှင့် ယူ-၁၇ ပြိုင်ပွဲများ ပိုမိုကောင်းမွန်စွာ ကျင်းပနိုင်ရေး၊ International School ဘောလုံးပြိုင်ပွဲများကို လူငယ်ဘောလုံး ပြိုင်ပွဲများနှင့် ချိတ်ဆက်ကျင်းပနိုင်ရေး၊ ဘောလုံး ပြိုင်ပွဲများ ကျင်းပရာတွင် အားကစားဝန်ကြီးဌာနက ကျင်းပနေသည့် ပြိုင်ပွဲများ၊ အာဆီယံ၊ အာရှပြိုင်ပွဲ Calendar များအား ကြည့်၍ ဆောင်ရွက်သွားရေး၊ အိမ်ရှင်အဖြစ်ကျင်းပမည့် ဂျပန်အသင်းနှင့် ကမ္ဘောဇလား ခြေစစ်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ထားရှိရေး၊ မြန်မာ့လက်ရွေးစင်အသင်းကစားရမည့် နိုင်ငံတကာ ပြိုင်ပွဲများ၊ အမျိုးသား ယူ-၁၆ နှင့် ယူ-၁၉ အသင်းများ ယှဉ်ပြိုင်ရမည့် အာဆီယံပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး စသည့်ကဏ္ဍများကို ကော်မတီအလိုက် ဆွေးနွေးကြသည်။ **ကိုညီလေး၊ ဓာတ်ပုံ-MFF**

## (၁၃) ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်ပြည်ပထွက်ခွာ

**ရန်ကုန် ဇွန် ၁**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ဇွန် ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း ခေါင်းဆောင်သော အားကစားအဖွဲ့ဝင် ၂၁ ဦးတို့သည် ယနေ့ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းနှင့် ရေကူးအားကစားနည်း နှစ်မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **အားကာမောင်**



## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ရှမ်းယူနိုက်တက်၊ ရတနာပုံနှင့် အား/ကာသိပ္ပံအသင်း အနိုင်ရ

**ရန်ကုန် ဇွန် ၁**

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) ပထမနေ့ကို ဇွန် ၁ ရက်က စတင်ကျင်းပရာ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် သရေကျနေသော်လည်း ဒုတိယပိုင်းသွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ၁၃ မိနစ်တွင် ကောင်းခန့်ဟိန်းက ရှမ်းယူနိုက်တက်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် ဖြိုးသီဟအောင်က ရောဝတီအတွက် ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်က အနိုင်ဂိုးရရန် အားထည့်ကစားလာပြီး ၅၅ မိနစ်တွင် ကောင်းမြတ်ကျော်နှင့် မိနစ် ၇၀ တွင် ကောင်းထက်တို့က ဂိုးများသွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက Dagon Port အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအတွက် ဂိုးများကို ၁၀၊ ၃၂ မိနစ်တွင် နေဒွန်း၊ ၅၁၊ ၅၄ မိနစ်တွင် ရှိုင်းကိုကိုဇော်၊ ၈၈ မိနစ်တွင် အောင်မြင့်မြတ်တို့က သွင်းယူပြီး Dagon Port အတွက် ဂိုးများကို ၁၉၊ ၅၇ မိနစ်တွင် ကျော်စိုးသိန်းတို့က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၁၅၊ ၂၃ မိနစ် တွင် သီဟကိုကို၊ ၃၄ မိနစ်တွင် ရန်နိုင်ဖြိုး၊ ၅၆ မိနစ်တွင် ဘရန်ဒွန်လီတို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးများကို ၄၃ မိနစ်တွင် Theiddi၊ ၆၈ မိနစ်တွင် ဖိုးချစ်လုံးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို ဇွန် ၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ Junior Lions အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ စလင်းကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**



ရှမ်းယူနိုက်တက် အသင်းနှင့် ရောဝတီယူနိုက် တက်အသင်း ယှဉ်ပြိုင်စဉ်။

## ဘုတလင်မြို့နယ် စီပါကျေးရွာရှိ ဒေသခံပြည်သူ ၁၀ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၃၁ ရက်တွင် စီပါကျေးရွာအတွင်း ဝင်ရောက်ခဲ့ပြီး ဒေသခံပြည်သူ ၁၀ ဦးကို ဖမ်းဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။





ဖြစ်စဉ်အမှန်မှာ စီပါကျေးရွာနှင့်အနီး ဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်တွင် အကြမ်းဖက်သမားများက အများပြည်သူအသုံးပြုလျက်ရှိသည့် စီပါကျေးရွာ အနီးရှိလမ်းပေါ်တွင် မိုင်းထောင်နေသည်ကို တွေ့ရှိခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထွက်ပြေးသွားခဲ့သည်။ ထို့နောက် ပြည်သူများထိခိုက်မှု မရှိစေရန်အတွက် အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျရှင်းလင်း ဆောင်ရွက်ပေးခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်ပေါ်တွင် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ပြီး အဆိုပါ ကျေးရွာသားများကို ဖမ်းဆီးခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး

**တိုက်ကြီး ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြီး ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်းနှင့် ပတ်သက်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တောင်သူများသို့ အသိပညာပေးဟောပြောပွဲကို မေ ၃၁ ရက် နံနက် ၁၀ နာရီတွင် တိုက်ကြီးမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၊ အသက်အာမခံဌာနမှ မန်နေဂျာ ဒေါ်သင်းသင်းဦးက ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်း ရည်ရွယ်ချက်နှင့် အာမခံထားရှိခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးသီက စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ **သတင်းစဉ်**

# အနာဂတ်ကိုထုဆစ်ဖို့ စက်မှုပညာသင်ကြစို့ အပိုင်း(၂)

**ဒေါက်တာလပြည့်ခင်**

လက်ရှိမြန်မာနိုင်ငံ၏ စက်မှုကဏ္ဍလုပ်ငန်းများတွင် တရားဝင်မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ်ပေါင်း ငါးသောင်းကျော်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း နှစ်သောင်းကျော်ခန့်ရှိရာ အဆိုပါ စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း တစ်နည်းအားဖြင့် လိုအပ်လျက်ရှိသော စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်စေမည်ဖြစ်ပါသည်။ ထိုကဲ့သို့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်တွင် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည့် ကျွမ်းကျင်လုပ်သား လုံလောက်စွာမရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနည်းပါးခြင်းတို့ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် စက်မှုသင်တန်းကျောင်းများအကြောင်းကို ဆက်လက်ဖော်ပြသွားပါမည်ဖြစ်ပါသည်။

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ စက်မှုသင်တန်းကျောင်းများ**



အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး) (၁၅၀ ဦး)



အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ) (၁၉၂ ဦး)



အမှတ်(၇) စက်မှုသင်တန်းကျောင်း(မုံရွာ) (၁၈၀ ဦး)



အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ) (၁၉၄ ဦး)

**အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ စက်မှုနယ်မြေတွင် တည်ရှိသော အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)ကို ကိုရီးယားသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် Korea International Cooperation Agency-KOICA အဖွဲ့အစည်းက စက်မှုဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သင်တန်းကျောင်းတည်ဆောက်ရေးဆိုင်ရာ Record of Discussion(RoD) ကို ၂၄-၃-၂၀၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သင်တန်းကျောင်းကို ၁၀-၇-၂၀၁၁ ရက်တွင် လွှဲပြောင်းလက်ခံခဲ့ကာ အမှတ်စဉ်(၁)သင်တန်းကို ၁၉-၈-၂၀၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကိုရီးယားပညာရှင်လေးဦးက မြန်မာနိုင်ငံ၌ ခြောက်လမှ တစ်နှစ်အထိ နေထိုင်၍ လက်တွေ့သင်ကြားပြသခဲ့ပြီး မြန်မာနည်းပြ ၁၂ ဦးကိုလည်း ကိုရီးယားနိုင်ငံသို့ခေါ်ယူ၍ Instructor Course သုံးလနှင့် မြန်မာဝန်ထမ်း ၁၅ ဦးကို Administrator Course ရက်သတ္တနှစ်ပတ်ကြာ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ထို့အပြင် ပြင်ပမှ လက်တွေ့ကျွမ်းကျင်သူပညာရှင်များ ဖိတ်ခေါ်၍ ToT သင်တန်းများ၊ Curriculum ပြင်ဆင်မှုများ၊ လက်တွေ့လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းများလည်း ပြုလုပ်လျက်ရှိပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)မှ ဦးဆောင်၍ လာရောက်သင်ကြား လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်း(မကွေး)၏ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ် (၁) မှ (၁၁)အထိ သင်တန်းဆင်းဦးရေမှာ စုစုပေါင်း ၁၆၄၆ ဦးရှိကာ အလုပ်အကိုင်ရရှိမှု အနေဖြင့် ၁၄၉၁ ဦး (၉၀ ဒသမ ၆ ရာခိုင်နှုန်း)ဖြစ်ပါသည်။ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)မှ လက်ရှိသင်ကြားပေးလျက်ရှိသော သင်တန်းများမှာ-

(၁) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုသင်တန်း (Automobile Maintenance Course)
- (က) အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းဘာသာ (Engine Maintenance Module)
- (ခ) မော်တော်ယာဉ်လျှပ်စစ်နှင့် အီလက်ထရောနစ်ဘာသာ (Automobile Electricity & Electronic Module)
- (ဂ) Transmission နှင့် Chassis ပြုပြင်ထိန်းသိမ်းခြင်းဘာသာ(Transmission & Chassis Module)
- (ဃ) မော်တော်ယာဉ်ကိုယ်ထည်ပြုပြင်ခြင်းနှင့် ဆေးမှုတ်ခြင်းဘာသာ(Body Repair & Painting Module)

(၂) ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်း (CAD/ CAM Course)ဖြစ်သည်။

**အမှတ်(၆)စက်မှုသင်တန်းကျောင်း (မြင်းခြံ)**

အမှတ်(၆)စက်မှုသင်တန်းကျောင်း(မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံ-နဘူးအိုင်လမ်း ကုက္ကဲကျေးရွာအနီး၌ တည်ရှိသည်။ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ကို HMT International Co., Ltd အဖွဲ့အစည်းက စက်မှုဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင် ရွက်ခဲ့ခြင်းဖြစ်သည်။ နားလည်မှုစာချွန်လွှာ(MoU)ကို ၂၁-၆-၂၀၁၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၅-၁၀-၂၀၁၃ ရက်တွင် သင်တန်းကျောင်းကို လွှဲပြောင်းလက်ခံရယူခဲ့ပါသည်။ မြန်မာနည်းပြ ၁၇ ဦးအား အိန္ဒိယသမ္မတနိုင်ငံသို့ခေါ်ယူ၍ ခြောက်လသင်တန်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်းလေးဦးအား သုံးလသင်တန်းတို့ကို သင်ကြားပေးခဲ့ပါသည်။ အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)၏ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ် (၁)မှ (၈) အထိ သင်တန်းဆင်းဦးရေမှာ ၁၂၁၅ ဦးရှိကာ အလုပ်အကိုင်ရရှိမှုမှာ ၁၀၈၃ ဦး (၈၉ ဒသမ ၁ ရာခိုင်နှုန်း) ဖြစ်ပါသည်။ ဤသင်တန်းကျောင်းမှ ပို့ချလျက်ရှိသောသင်တန်းများမှာ-

(၁) တွင်ခုံ/ကြိတ်ခုံများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (Machine Tool Operator Course)
(၂) မိုနှင့်ဒိုင်ပြုလုပ်မှုသင်တန်း (Tool & Die Maker Course)
(၃) ကွန်ပျူတာသုံးစက်ခုတ်စားမှုစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (CNC Machinist Course)
(၄) စက်ရုံလျှပ်စစ်ပညာသည်သင်တန်း (Industrial Electrician Course)
(၅) အီလက်ထရောနစ်စက်ပြင်သင်တန်း (Electronic Mechanic Course)
(၆) သံထည်နှင့် ဂဟေဆက်သင်တန်း (Welder Course)
(၇) သံရည်ကျိုသင်တန်း(Foundry Course)တို့ ဖြစ်ပါသည်။

အိန္ဒိယသမ္မတနိုင်ငံအထောက်အပံ့ဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ)၏ ငါးနှစ်ဘက်စုံပြုပြင်ထိန်းသိမ်းရေးစီမံချက် (Five Years Comprehensive Maintenance Plan)ကို အိန္ဒိယသမ္မတနိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် Exchange Letter ကို ၁၀-၅-၂၀၁၈ ရက်တွင် လက်မှတ်ရေးထိုး လဲလှယ်ခဲ့ပြီးဖြစ်ပါသည်။ စီမံကိန်းကာလမှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိဖြစ်ပြီး သင်တန်းကျောင်းအတွက် လိုအပ်သော စက်အပိုပစ္စည်းများထောက်ပံ့ခြင်း၊ အိန္ဒိယပညာရှင်များစေလွှတ်ခြင်းနှင့် မြန်မာနည်းပြများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းအနက် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ထောင်ဖွင့်လှစ်ခဲ့သည့် အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကို Knowledge Hub ဖြစ်စေရန်နှင့် တစ်နှစ်သင်တန်းမှ နှစ်နှစ်သင်တန်းအထိ တိုးမြှင့်ဖွင့်လှစ်၍ စံပြသင်တန်းကျောင်း (Center of Excellence-CoE) ဖြစ်စေရန်အတွက် ဂျာမနီနိုင်ငံ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (German Development Cooperation Agency-GIZ)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိရာ Quality Management System အတွက်ချီးမြှင့်သည့် ISO 9001: 2015 Certificate ကို ၃၀-၁-၂၀၁၉ ရက်တွင် ရရှိခဲ့ပါသည်။ ရှေ့ဆက်၍ Skill Level 4 အထိ အဆင့်မြင့်ကျွမ်းကျင်သင်တန်းများဖွင့်လှစ်ရန် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊ ခေတ်နှင့်လျော်ညီသောဘာသာရပ်များ ပြန်လည်ပြုစုခြင်း၊ နည်းပြအဆင့်မြင့်သင်တန်းပေးခြင်း၊ ကျွမ်းကျင်နည်းပြများ ဖြည့်ဆည်းခြင်း၊ အဆင့်မြင့် သင်ထောက်ကူစက်ပစ္စည်းများရရှိရေး၊ သင်ထောက်ကူပစ္စည်းများအတွက်

*စာမျက်နှာ ၁၇ သို့*

**“အဆိုပါစက်မှုသင်တန်းကျောင်းများသို့ တက်ရောက်လိုသူများသည် အသက် ၁၇ နှစ်နှင့် ၂၅ နှစ်ကြား တက္ကသိုလ်ဝင်တန်း (ဒသမတန်း) သင်ယူ/ဖြေဆိုဖူးသူ သို့မဟုတ် စနစ်သစ်ပညာရေး၏ Grade (12) သင်ယူဖူးသူ ဖြစ်ရပါမည်။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသော ပြည်ထောင်စုမြန်မာနိုင်ငံသား လူပျို၊ အပျိုဖြစ်သူ၊ သင်တန်းစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာ၍ သင်တန်းပြီးဆုံးအောင် တက်နိုင်သူလည်း ဖြစ်ရပါမည်။ နိုင်ငံပိုင်သတင်းစာ၊ ဝန်ကြီးဌာန Website/Webpage နှင့် စက်မှုဇုန်တို့တွင် သင်တန်းခေါ်ယူခြင်းဆိုင်ရာအခြေအနေများကို ကြေညာပြီး ဆောင်ရွက်လျက်ရှိပါသည်”**

# ချင်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆွေးနွေး

**ဟားခါး ဇွန် ၁**

ချင်းပြည်နယ်အတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့် ကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို မေ ၃၀ ရက်က ဟားခါးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်းဆွန်းထန်က ယခုနှစ် ဇန်နဝါရီလမှစ၍ ပလက်ဝခရိုင်နှင့် မေ ၂ ရက်မှစ၍ တီးတိန်ခရိုင်မှ ဒေသခံပြည်သူများ ဟားခါးမြို့နှင့် အခြား မြို့နယ်များသို့ နေရပ်စွန့်ခွာလာမှုများရှိလာပြီး လအနည်းငယ်အတွင်း နေရပ်စွန့်ခွာလာသူ ပိုမိုများပြားလာသည့်အတွက် ယခုအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့အပြင် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းကော်မတီ၏ အဓိကရည်မှန်းချက်များကို သိရှိနားလည်ပြီး နေရပ်စွန့်ခွာပြည်သူများအတွက် အကျိုးပြုသည့်နေရာများတွင် ရန်ပုံငွေများ အသုံးပြုနိုင်ရေး၊ နေရပ်စွန့်ခွာလာသူများ၏ အသက်အရွယ်အလိုက်၊ အလုပ်အကိုင်၊ ကျား/မ၊ မသန်စွမ်းသူ စသည်ဖြင့် အချက်အလက်များ စနစ်တကျ ပြည့်ပြည့်စုံစုံ ကောက်ခံထားရန်လိုကြောင်းနှင့် ပြည်နယ်အဆင့် လုပ်ငန်း ကော်မတီဝင်များအနေဖြင့် မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြ ပေးစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ (ဓါတ်ပုံ)

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းထွန်းအောင်က ချင်းပြည်နယ်အတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာ ပြည်သူများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့်ကော်မတီဝင်များဖြစ်သည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ခရိုင် (ပြန်/ဆက်)

---

*စာမျက်နှာ ၁၆ မှ*

တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိရေးနှင့် သင်ကြားရေးတွင် Solar Photovoltaic (PV) System ထည့်သွင်းသင်ကြားနိုင်ရန်အတွက် KfW မှ ထောက်ပံ့ခဲ့ပါသည်။

**အမှတ်(၇)စက်မှုသင်တန်းကျောင်း (မုံရွာ)**

မူလသင်တန်းကျောင်း ခြောက်ကျောင်းအပြင် တိုင်းပြည်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးနှင့် ကဏ္ဍအလိုက် သင့်တော်သည့်လုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် ဒေသ၏လိုအပ်ချက်အရ စက်မှုသင်တန်းကျောင်းအသစ် နှစ်ကျောင်းကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ရှိ တိုင်းရင်းသားလူငယ်လူရွယ်များထဲမှ စက်မှုကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရန်အတွက် အမှတ်(၇) စက်မှုသင်တန်းကျောင်း(မုံရွာ)ကို စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ HMT (International) Ltd. တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆) အထည်စက်ရုံခွဲ(မုံရွာ)၌ဖွင့်လှစ်၍ စက်မှုသင်တန်းကျောင်း (မုံရွာ)တွင် တာဝန်ထမ်းဆောင်မည့် နည်းပြ ၂၅ ဦးအား ၂၀၁၉ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ လေးလသင်တန်း စေလွှတ်ခဲ့ပါသည်။ မုံရွာစက်မှုသင်တန်းကျောင်းတွင် CNC Technology, CAD, Mechatronics, Apparel Manufacturing, Pattern Maker, Refrigeration & Air Conditioning, Machinist–Turner/ Miller/ Grinder, Tools & Die Making, Automobile Mechanic (Basic & Advanced), Electrician (Industrial & Domestic), Welding နှင့် Information Technology စသည့် စက်မှုဘာသာရပ် ၁၀ မျိုးကို တစ်နှစ်လျှင် သင်တန်းသား စုစုပေါင်း ၂၄၀ အား လေ့ကျင့်သင်ကြားသွားမည်ဖြစ်ပါသည်။

**အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ)**

ထို့အတူ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဘက်မှ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ခြင်း မရှိတော့သော ဒေသခံ လူငယ်လူရွယ်များအတွက် ရည်ရွယ်၍ အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ)ကို စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ HMT (International) Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သင်တန်းနည်းပြ ၂၀ အား အိန္ဒိယနိုင်ငံသို့စေလွှတ်၍ ငါးလသင်တန်းများ တက်ရောက်သင်ကြားစေခဲ့ပါသည်။ သထုံစက်မှုသင်တန်းကျောင်းမှ ကာလတို သုံးလ







စက်မှုသင်တန်းကျောင်းများ၌ သင်တန်းသားများအား စာတွေ့လက်တွေ့ လေ့ကျင့်ခန်းများဖြင့် သင်ကြားပို့ချစဉ်။

သင်တန်းကို ၅-၉-၂၀၂၃ ရက်မှ ၁၅-၁၂-၂၀၂၃ ရက်အထိ ကျား ၃၃ ဦး၊ မ ၁၇ ဦးဖြင့် စုစုပေါင်း ၅၀ အား သင်ကြားပေးခဲ့ပါသည်။ သထုံစက်မှု သင်တန်းကျောင်းတွင် Rubber Technology၊ Basic CNC Technology၊ Basic Machinist–Turner/ Miller/ Grinder၊ Basic Electrician (Industrial & Domestic)၊ Basic Welding နှင့် Information Technology စသည့် စက်မှုဘာသာရပ် ခြောက်မျိုးဖြင့် တစ်နှစ်လျှင် သင်တန်းသား ၁၄၄ ဦးအား လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ပါသည်။

**သင်တန်းကျောင်းများ**
**အစဉ်တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ပေး**

မိမိတို့၏သင်တန်းကျောင်းများ အစဉ်တိုးတက်နေစေရန်အတွက်လည်း သင်တန်းကျောင်းတွင် အချက်အလက်များ ရှာဖွေပြုစုနိုင်ရန်အတွက် Internet Facility ရရှိရန် ဆောင်ရွက်ပေးထားခြင်း၊ သင်တန်းကျောင်းများအလိုက် စာကြည့်တိုက်များထားရှိ၍ ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ဖြည့်ဆည်းပေး၍ ရည်ညွှန်းကိုးကားနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်သောနိုင်ငံများ၏ နောက်ဆက်တွဲ ပံ့ပိုးမှုများ (Post Assistances) ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သော Development Partner နိုင်ငံများနှင့် Long-term Maintence Contract များ ဆောင်ရွက်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ စာတွေ့/ လက်တွေ့ နည်းပြများအား အရည်အသွေးတိုးတက်စေရန် ပြည်ပနိုင်ငံများသို့စေလွှတ်၍ Training of Trainers(ToT) အစီအစဉ်များသို့ တာဝန်ရှိသူများက သင်တန်းကျောင်းများသို့ တစ်လတစ်ကြိမ် သွားရောက်စစ်ဆေးကြပ်မတ်ခြင်း၊ သင်တန်းဆင်းများ၊ နည်းပြများအား ဆန်းစစ်အကဲဖြတ်ခြင်း(Evaluation)ကို နှစ်စဉ်ပြုလုပ်ပြီး စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**သင်တန်းကျောင်းဝင်ခွင့်ဆိုင်ရာသတ်မှတ်ချက်များ**

အဆိုပါ စက်မှုသင်တန်းကျောင်းများသို့ တက်ရောက်လိုသူများသည် အသက် ၁၇ နှစ် နှင့် ၂၅ နှစ်ကြား တက္ကသိုလ်ဝင်တန်း (ဒသမတန်း) သင်ယူ/ဖြေဆိုဖူးသူ သို့မဟုတ် စနစ်သစ်ပညာရေး၏ Grade (12) သင်ယူဖူးသူ ဖြစ်ရပါမည်။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသော ပြည်ထောင်စုမြန်မာနိုင်ငံသား လူပျို၊ အပျိုဖြစ်သူ၊ သင်တန်းစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာ၍ သင်တန်းပြီးဆုံးအောင် တက်နိုင်သူလည်း ဖြစ်ရပါမည်။ နိုင်ငံပိုင်သတင်းစာ၊ ဝန်ကြီးဌာန Website/Webpage နှင့် စက်မှုဇုန်တို့တွင် သင်တန်းခေါ်ယူခြင်းဆိုင်ရာ အခြေအနေများကို ကြေညာပြီး ဆောင်ရွက်လျက်ရှိပါသည်။

သင်ကြားမှုမှာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း ဖြစ်ကာ စာသင်ချိန်မှာ ပထမနှစ်ဝက်တွင် နာရီပေါင်း ၈၀၀ ရှိပြီး ယင်းစာမေးပွဲအောင်မြင်မှသာလျှင် ဒုတိယနှစ်ဝက်သင်တန်း စာသင်ချိန် နာရီပေါင်း ၈၀၀ ကို ဆက်လက်တက်ရောက်ခွင့်ရှိသဖြင့် စာသင်ချိန်မှာ နာရီပေါင်း ၁၆၀၀ ခန့် ရှိပါသည်။ ပထမနှစ်ဝက်စာမေးပွဲပြီးပါက ခွင့် ၁၀ ရက် ခံစားခွင့်ပြုပါသည်။ သင်တန်းကာလ၏ ၉၀ ရာခိုင်နှုန်း တက်ရောက်ပြီး စာတွေ့ လက်တွေ့စာမေးပွဲများ အောင်မြင်မှသာလျှင် သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးပါသည်။ သင်တန်းဆင်းအောင်လက်မှတ်ရရှိသူများအား စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်အကိုင် ခန့်အပ်ပေး၍သော်လည်းကောင်း၊ အခြားဝန်ကြီးဌာနများနှင့် ဆက်သွယ်၍သော်လည်းကောင်း၊ စက်မှုဇုန်များနှင့် ချိတ်ဆက်၍သော် လည်းကောင်း၊ အလုပ်အကိုင်ပြပွဲ (Job Fair) များတွင်ဝင်ရောက်၍ စက်မှုသင်တန်းကျောင်းဆင်းများ၏ အချက်အလက်များကို ပြသပြီး ကုမ္ပဏီများနှင့်ချိတ်ဆက်၍သော် လည်းကောင်း၊ အလုပ်အကိုင်များရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှ မျိုးဆက်သစ်လူငယ်များသည် မိမိတို့အနာဂတ်ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် သေချာခိုင်မာ ထောက်ကူမှုပေးနိုင်သော နီးစပ်ရာ စက်မှုသင်တန်းကျောင်းများသို့ မိမိဝါသနာပါရာ ဘာသာရပ်များကို ရွေးချယ်ပြီး ဆက်သွယ်တက်ရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

**ကိုးကား –**

- စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာန
- စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန

# ရန်ကုန်မြို့အနီးမှာ သဘာဝဆန်ဆန် အပန်းဖြေနိုင်မယ့် မှော်ဘီမြို့က သစ်လုံးခြံနဲ့ ပန်းတစ်ပွင့်တောင်

ယဉ်လာဒ်





ပန်းတစ်ပွင့်တောင်ပေါ်သို့ တက်ရောက်ရာ စောင်းတန်းနှင့် တောင်ပေါ်တက်နေသူများ။ (အပေါ်ပုံ)

........................

သစ်လုံးခြံအတွင်းမှဥရောပပုံစံတည်ဆောက်ထားသော တည်းခိုစရာ အဆောက်အဦများ။(ဝဲပုံ)

ရန်ကုန်မြို့နေ ပြည်သူတွေအနေနဲ့ တစ်ပတ်တာ မောပန်းသမျှတွေပြေစေဖို့ ပိတ်ရက်မှာ Staycation နေထိုင်နိုင်ဖို့သာမက ညအိပ်အပန်းဖြေချင်သူတွေ အတွက်လည်း ညအိပ်အပန်းဖြေစရာ နေရာတစ်ခု ဖြစ်အောင် ဖန်တီးပေးထားတဲ့ မှော်ဘီမြို့နယ်က သစ်လုံးခြံလို့ အမည်ပေးထားတဲ့ Fun First Hmawbi Resort ဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသား ဖော်ပြလိုက်ရပါတယ်။

သစ်လုံးခြံဆီကို မှော်ဘီမြို့နယ် ဆည်မြောင်းလမ်း ကျောက်ကာကွင်း အောက်ချိုင့်မှတ်တိုင်မှာ ဆင်းပြီး သွားရောက်လည်ပတ်နိုင်ပါတယ်။ ဥရောပပုံစံ တည်ဆောက်ထားတဲ့ တိုက်ဖြူဖြူလေးနဲ့ ပန်းသင့်လှပနေတဲ့ ရေကူးကန်ရယ်၊ သီးသန့်ဆန်ဆန် ခြံကျယ်ကြီးထဲမှာ အပန်းဖြေလာရောက်လည်ပတ်ဖို့ ကျယ်ဝန်းလှပတဲ့ ခြံကျယ်ကြီးထဲမှာ နားခိုစရာနေရာလေးတွေအပြင် တည်းခိုစရာ အဆောက်အဦလေးတွေပါ ပါဝင်တည်ဆောက်ထားတာမို့ မြို့ပြနဲ့မလှမ်းမကမ်းမှာ အနားယူ အပန်းဖြေချင်သူတွေအတွက် အကြိုက်တွေ့စေမယ့်နေရာလေး ဖြစ်ပါတယ်။

ဒါ့အပြင် မြက်ခင်းပြင်ကျယ်ကြီးလည်းရှိပြီး လူကြီးတွေအတွက် ရေကူးကန်အပြင် ကလေးငယ်တွေအတွက်ပါ ရေကူးကန် သပ်သပ်ရှိသေးတာမို့ အဆင်ပြေစေပါတယ်။

**ပက်ကေ့ချ်နှစ်မျိုးရှိ**

"သစ်လုံးခြံကို ဖွင့်ထားတာ တစ်လခွဲလောက်ပဲ ရှိပါသေးတယ်။ အဓိကကတော့ နေဖို့လုပ်ရင်း နောက်ပိုင်း ဧည့်သည်တွေလည်း အနားယူစေနိုင်မယ့် နေရာလေးတစ်ခုလို လုပ်ဖြစ်သွားတာပါ။ နေ့ချင်းပြန် ပက်ကေ့ချ်အနေနဲ့ တစ်ဦးကို ဝင်ကြေး ကျပ် ၁၅၀၀၀ ကျသင့်မှာဖြစ်ပြီး ထမင်းဖြူနဲ့ ကော်ဖီတိုက်တယ်။ ရေကူးလို့လည်းရပါတယ်။ သီချင်းဆိုရတာ ကြိုက်တဲ့သူတွေအတွက် နှစ်နာရီဆိုလို့ရပါတယ်"လို့ သစ်လုံးခြံမှ တာဝန်ရှိသူက စာရေးသူကို ပြောပါတယ်။

ညအိပ်ပက်ကေ့ချ်အနေနဲ့ တစ်ဦးကို ဝင်ကြေး အပါအဝင် ကျပ် ၃၅၀၀၀ ဖြစ်ပြီး ကိုယ်ကြိုက်နှစ်သက်တဲ့ ပက်ကေ့ချ်ကို ရွေးချယ်ကာ အပန်းဖြေနိုင်ပါတယ်။ နေ့ချင်းပြန် လည်ပတ်သူတွေအတွက် သတ်မှတ်ချိန်က မနက် ၈ နာရီကနေ ညနေ ၅ နာရီ အထိဖြစ်ပြီး ညအိပ်လည်ပတ်သူတွေအတွက်တော့ မွန်းလွဲ ၂ နာရီကနေ နောက်နေ့ ၁၂ နာရီအထိ သတ်မှတ်ထားပါတယ်။

နေ့ချင်းပြန်လည်ပတ်သူတွေအတွက် ရေကူးခွင့်၊ သီချင်းဆိုခွင့်၊ စားပွဲတင်တင်းနစ်ကစားခွင့်၊ ဘန်ဂလို အနားယူခွင့်တွေပါဝင်ပြီး ညအိပ်လည်ပတ်သူတွေ အတွက်တော့ အထက်ပါအခွင့်အရေးတွေအပြင် မနက်စာလည်း အပိုပါဝင်ပါတယ်။ နေ့ချင်းပြန် လည်ပတ်သူတွေအနေနဲ့ အခန်းတည်းခိုနားချင်ရင် ၁၀ ယောက်ခန်း အခန်းကျယ်ကြီးတစ်ခန်းကို ကျပ် ငါးသောင်းနဲ့ သီးသန့်ငှားရမ်းပြီး အခန်းဝန်ဆောင်မှုကို ရရှိနိုင်ပါတယ်။ ဒါ့အပြင် အဆာပြေစားစရာတွေ မှာယူဝယ်စားနိုင်ပြီး မြန်မာထမင်းဟင်း စားချင်ရင်လည်း တစ်ဦးကို တစ်နပ်စာ ကျပ် ၁၅၀၀၀ နဲ့ ကြိုတင်မှာယူပြီး ဝယ်စားနိုင်ပါတယ်။

**အနားယူစရာနေရာတွေ ဖန်တီးပေးထား**

သစ်လုံးခြံထဲမှာ ခြောက်ယောက်ခန်း၊ ၁၀ ယောက်ခန်း၊ ၁၂ ယောက်ခန်း၊ ၁၄ ယောက်ခန်း အသီးသီး ရှိတာကြောင့် မိသားစုလိုက်၊ သူငယ်ချင်းအဖွဲ့လိုက် ပိတ်ရက်မှာ ပျော်ပျော်ပါးပါး အပန်းဖြေ အနားယူနိုင်ပါတယ်။ သစ်လုံးခြံကျယ်ထဲမှာ ဓာတ်ပုံရိုက်ကူးလို့ရနိုင်တဲ့နေရာတွေ များစွာရှိပါတယ်။

ရေတံခွန်တွေ၊ ပန်းခြံတွေ၊ မြက်ခင်းစိမ်းကြီးတွေနဲ့ စိတ်ကြိုက်အပန်းဖြေ အနားယူလို့ကောင်းတဲ့ နေရာလေးတွေ ဖန်တီးပေးထားတာမို့ ညအိပ်လည်း မနေချင်ဘူး၊ ခဏတဖြုတ် ရေကူးအနားယူ အပန်းဖြေချင်တယ်ဆိုတဲ့သူတွေအတွက် အကြိုက်တွေ့စေမယ့် နေရာတစ်ခုဖြစ်ပါတယ်။

**ပန်းတစ်ပွင့်တောင်သို့**

ဒါ့အပြင် သစ်လုံးခြံမှာ ညအိပ်ပြီး မှော်ဘီမြို့နယ်ရဲ့အထင်ကရ ပန်းတစ်ပွင့်တောင်ကိုလည်း သွားရောက်လည်ပတ်နိုင်ပါသေးတယ်။

ပန်းတစ်ပွင့်တောင်ဟာ ရန်ကုန်ကနေ နှစ်နာရီလောက်ပဲသွားရပေမယ့် ရှုခင်းတွေ မြင်ကွင်းတွေက ရန်ကုန်နဲ့ အတော်လေးကွာခြားပါတယ် ။ မိုးရာသီကာလဆို စိမ်းစိုပြီး ပုပ္ပားတောင်နဲ့ ခပ်ဆင်ဆင်လို့ ထင်မိကြပါတယ်။ ရန်ကုန်ကနေ သွားမယ်ဆိုရင်တော့ ရန်ကုန်-ပြည်လမ်းအတိုင်း မောင်းလာပြီး လေထီး ၁၆ ကားမှတ်တိုင်ရဲ့ ရှေ့တစ်လမ်း မှော်ဘီ – ဝါးနက်ချောင်းလမ်းထဲ ချိုးဝင်လိုက်ရင် ပန်းတစ်ပွင့်တောင်သို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေအတိုင်း လိုက်သွားရုံပါပဲ။

ပန်းတစ်ပွင့်တောင်ကို သွားမယ်ဆိုရင် လပြည့်နေ့လို အခါကြီးရက်ကြီးတွေထက် ကြားရက် လူရှင်းတဲ့အချိန်လေးသွားရင် သဘာဝပတ်ဝန်းကျင် အလှအပလေးတွေကိုလည်း သေချာလေးခံစားလို့ရပြီး ဓာတ်ပုံရိုက်ဖို့လည်း ပိုအဆင်ပြေပါမယ်။ လူအများကြီးနဲ့လည်း တိုးဝှေ့တက်စရာမလိုတော့ပါဘူး။ ပန်းတစ်ပွင့်တောင်ကိုသွားရင် သားငါးသယ်ဆောင်ခွင့်၊ စားသောက်ခွင့်မရှိသလို အမှိုက်မပစ်မိအောင် ဂရုစိုက်ဆင်ခြင်ရပါမယ်။ ဒါ့အပြင် ဆူညံတာတွေကိုလည်း မလုပ်မိအောင် ဆင်ခြင်ရပါတယ်။ ဒါကတော့ ပန်းတစ်ပွင့်တောင်ကိုသွားလည်ရင် သတိထားရမယ့် အချက်လေးတွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့ တစ်ပတ်တာရဲ့ စိတ်မွန်းကျပ်မှုတွေကို ဖြေဖျောက်ပြီး ပန်းတစ်ပွင့်တောင်မှာ ဘုရားလည်းဖူးရင်း အေးအေးဆေးဆေး အနားယူလည်ပတ်ချင်သူတွေအတွက် မှော်ဘီမြို့နယ်က သစ်လုံးခြံနဲ့ ပန်းတစ်ပွင့်တောင်ကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသား ဖော်ပြလိုက်ရပါတယ်။ ။





သစ်လုံးခြံအတွင်း၌ အနားယူအပန်းဖြေရန်နှင့် အလှဓာတ်ပုံရိုက်နိုင်ရန် ဖန်တီးပေးထားသောနေရာများ။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/19542, Honda Click -150 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄) ရပ်ကွက်၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၇၃၉/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဒေါ်ကြည်ကြည်အမည်ပေါက် ပါမစ်မြေကွက်၏ အကျယ်အဝန်း ပေ(၁၀x၆၀) ခေါင်းရင်းခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည့် ဝန်ခံကတိပြုသူ ဦးထွေးလှိုင် ၁၂/ဒဂတ(နိုင်)၀၄၂၈၆၄ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၈၈၀/၂၀-၁၁-၂၀၂၀)**
**အမှတ်(၆၀၄)က၊ ထင်းရှူးမြိုင်လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၉၇၈၃၀၈၄၀၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆

| | | |
|---|---|---|
| ဒေါ်မာလာဦး | နှင့် | ၁။ ဒေါ်နိုင်နိုင်ဦး<br>၂။ ဦးလင်ကစ်(ခ)ဦးမျိုးချစ် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၈လမ်း၊အကွက်(၈၈၀)၊ ဆောက်လုပ်ရေးတိုက်ခန်း၊ တိုက်ခန်းအမှတ်(၄)ရပ်နေ ၁။ ဒေါ်နိုင်နိုင်ဦး(ဘ)ဦးဟန်တင်၊ ၂။ ဦးလင်ကစ်(ခ)ဦးမျိုးချစ်(ဘ)ဦးအီပင်း(အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မာလာဦးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၄ရက်(၁၃၈၆ခုနှစ် နယုန်လဆန်း ၈ ရက်)မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ လျှောက်ထားသူများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်တို့ သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင်ရုံးတော်မှ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာလွင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် အထူးစိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်လမ်းလုပ်ငန်းများနှင့်လှည်းကူးမြို့နယ်အတွင်း တိုင်းဒေသကြီးငွေလုံး ငွေရင်း(မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်း(၁)ခု ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ( မြို့ပြ ) ရုံးတွင် အောက်ပါ အစီစဉ်အတိုင်းရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၃-၆-၂၀၂၄ရက်(တနင်္လာနေ့)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်း ရမည့်ရက်** - ၁၈-၆-၂၀၂၄ရက်(အင်္ဂါနေ့) ၁၆:၃၀နာရီအထိ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရုံးဖုန်း- ၀၉-၄၂၅၀၀၀၁၇၉ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/87708, Yin Anbo -125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6469, Toyota Alphard MNH10,Micro Bus(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဟိန်းအောင် ၅/ထခန (နိုင်) ၀၇၅၂၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/31545, Wangiang-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းအေး ၈/ပခက (နိုင်)၃၂၅၆၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# မီးသတိပြု

# စာအုပ်စာပေ လူ့မိတ်ဆွေ

○ *ကျောဖုံးမှ*

ကစားသမားများ ဖြုန်းတီးပစ်ခဲ့သည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပယ်နယ်တီ အဆုံးအဖြတ် ခံယူရာတွင် အယ်ဟီလယ်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူတိုက်စစ်ကစားသမားဟောင်း စီရော်နယ်ဒိုသည် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၆၄ ပွဲတွင် ၅၈ ဂိုးသွင်းယူပေးထားနိုင်သော်လည်း ယခုနှစ်ရာသီတွင် ဖလားဆွတ်ခူးနိုင်ခြင်း မရှိဘဲ အဆုံးသတ်ရပြီဖြစ်သည်။

အယ်ဟီလယ်အသင်းသည်(**ယာပုံ**)ဆော်ဒီလိဂ်အမှတ်ပေး ဖလားကိုလည်း ရမှတ် ၉၆ မှတ်ဖြင့် ဒုတိယနေရာမှ အယ်နာဆာအသင်းကို ၁၄ မှတ်အထိ ဖြတ်ထားကာ ဆွတ်ခူးထားသည်။ **အောင်ဇော်**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၉)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် (၃၁၃/ခ)ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၅)၊ မြေကွက်အမှတ် (၃၁၃/ခ)၊ (အလျားပေ ၂၀xအနံ့ပေ ၆၀)၊ ဧရိယာ (၀.၀၂၇၅)ဧကရှိ ဦးဝင်းအောင် (၁၂/ပဇတ(နိုင်)၀၁၉၉၃၀)အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဝင်းအောင် (၁၂/ပဇတ(နိုင်) ၀၁၉၉၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်ဇော်ဆွေ (၁၂/ဗတထ(နိုင်)၀၂၆၇၇၃)၊ ဒေါ်အေးလဲ့ကြည် (၁၂/ကမရ(နိုင်)၀၅၂၆၃၅)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**


# မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၆ - ၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၅ ကျပ် | ၂၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၅ ကျပ် | ၂၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၃၅ ကျပ် | ၂၈၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇/ဆင်ခေါင်းကြီး)၊ ကွင်း/အကွက်အမှတ် (၆၆၄/ဆင်ခေါင်းရွာကွင်း)၊ ဦးပိုင်အမှတ် (၃၄-က)၊ မြေဧရိယာ (၀.၇၃)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ငွေငွေမြင့် (၉/ပဥလ(နိုင်)၀၅၂၈၀၄)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦး လွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ သစ်ခေါက်ကျေးရွာနေ ဦးနွှရ်ဘိုင် (၉/မနမ(နိုင်) ၀၇၆၇၇၆) စိုက်ပျိုးလုပ်ကိုင်နေသော သစ်ခေါက်ကျေးရွာအုပ်စုတွင် အမှတ် (၈၈) ဖလံဗိုလ်ကွင်း ဦးပိုင်အမှတ် (၄၃/၁)၊ ဧရိယာ (၀.၄၇)ဧကရှိ လယ်မြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနွှရ်ဘိုင် ဖုန်း-၀၉-၉၆၂၀၉၈၀၂၄**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၉၀၀၀ | ၃၃၉၃ | ၃၀၄၀၄၅၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၁၅၆၆၇ | ၄၇၃၁၉၂၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၆၄ | ၁၃၂၈၄၀၀ |
| FPB | ၁၆၀၀ | ၁၇၀၀ | ၁၅၅၇ | ၂၅၂၀၁၀၀ |
| TMH | ၂၆၅၀ | ၂၇၀၀ | ၇၆ | ၂၀၁၆၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၃၀၀၇ | ၅၁၂၅၇၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၀ | ၉၄၀၀၀ |
| MAEPC | ၂၃၅၀ | ၂၃၅၀ | ၇၃၇ | ၁၇၃၁၉၅၀ |

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၆၃) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဇွန်လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဂ - ၆၈၈၂၇၀ (ကံထူးရှင်(၁)ဦး)

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

ဃ - ၈၉၀၆၈၆ (ကံထူးရှင်(၁)ဦး)

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

ဂ - ၂၅၅၅၂၇ (ကံထူးရှင်(၁)ဦး)

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

ဇ - ၄၅၄၅၈၂ င - ၄၇၅၀၇၈
စ - ၄၅၅၆၄၁ ဈ - ၆၁၆၄၄၇

ကံထူးရှင်(၄)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

ခ - ၂၃၄၉၈၁ င - ၅၆၆၁၁၇
င - ၃၀၄၂၃၉ င - ၆၀၉၀၁၄
ခ - ၃၃၁၅၁၉ ဈ - ၈၁၆၀၇၉
က - ၅၂၀၁၉၂

ကံထူးရှင်(၇)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

ဈ - ၁၀၁၆၄၃ င - ၅၀၂၄၄၂ ဆ - ၇၂၀၇၉၄
ဂ - ၁၄၂၄၁၉ ဃ - ၅၁၄၅၂၆ ဈ - ၈၁၆၃၈၃
ဃ - ၁၄၇၈၀၉ စ - ၅၂၅၉၉၄ င - ၉၀၁၆၃၇
ဃ - ၁၅၄၆၃၂

ကံထူးရှင်(၁၀)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

င - ၁၃၁၈၉၃ ဂ - ၆၁၁၂၃၈
ဃ - ၁၇၁၃၁၉ စ - ၆၆၂၀၁၃
ဆ - ၄၀၂၄၅၂ စ - ၇၁၇၉၂၈
ဆ - ၄၀၆၃၆၂ င - ၉၀၆၀၄၃
င - ၄၉၀၉၅၂ ဂ - ၉၂၀၅၀၀
က - ၅၇၄၉၅၃ ဂ - ၉၉၄၇၇၈

ကံထူးရှင်(၁၂)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

စ - ၁၅၅၆၉၃ ဇ - ၆၈၇၃၇၉ စ - ၈၀၀၃၉၆
ခ - ၂၅၄၅၈၄ င - ၇၀၀၃၀၂ ဂ - ၈၁၆၆၅၁
ဆ - ၂၆၂၀၇၉ ဇ - ၇၇၃၁၀၇ ခ - ၈၆၁၁၈၆
င - ၃၄၆၀၂၀ ဃ - ၇၈၁၇၀၇ င - ၉၁၈၂၁၈
ဈ - ၄၀၅၇၂၉ စ - ၇၉၉၂၃၇ င - ၉၉၄၀၁၈
ဂ - ၄၆၁၁၉၉

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

က - ၁၀၁၉၈၉ ဃ - ၅၇၇၇၄၂
စ - ၁၁၉၆၃၇ ဈ - ၆၀၉၁၈၉
ဃ - ၁၇၁၄၄၄ ဇ - ၆၈၄၄၄၁
က - ၂၁၃၉၁၃ င - ၆၉၂၂၂၃
ဃ - ၃၅၉၁၈၆ ဃ - ၈၅၅၅၂၃
က - ၄၂၅၂၉၉ င - ၉၁၉၀၃၃
ဇ - ၅၄၃၂၈၀ ဂ - ၉၄၇၇၄၄

ကံထူးရှင်(၁၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

ဆ - ၂၆၈၃၀
ဃ - ၅၉၃၆၉
င - ၈၈၅၇၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၂)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်**

ဇ - ၄၄၀၆
ဈ - ၉၂၅၆
ဈ - ၉၆၁၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်**

ဃ - ၁၃၉ ဈ - ၅၁၆ ဈ - ၉၈၄
စ - ၃၁၅ ခ - ၉၈၃ ဆ - ၉၉၀
ဃ - ၄၆၂ စ - ၉၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၀၉၆)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်**

ဃ - ၄၆ ဆ - ၆၄ ဇ - ၈၂

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

စ - ၅

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

### ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ဂ - ၁၂၃၉၅၃ ဆ - ၆၀၄၈၀၂
က - ၂၇၀၁၃၄ ဃ - ၇၀၇၉၂၈

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

က - ၁၆၅၅၉ ခ - ၆၁၈၅၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

က - ၂၉၆၂ က - ၅၅၃၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

စ - ၄၁၇ ဃ - ၅၄၉

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၆၅၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၅၉၀၈)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၅၉၀၈)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၃- ၆ - ၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၂-၆-၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/77793 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမိုးကျော် ၇/ဖမန(နိုင်)၂၄၈၄၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/94674 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၇/အတန(နိုင်)၀၇၀၆၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**






## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၇၅၊ ဦးပိုင်အမှတ် ၃၂-က/၈၅x၈၆ကြား၊ ၃၁x၃၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးလှထွန်း ၉/မရမ(နိုင်)၀၀၁၁၄၆ က ဘိုးဘစာ အုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ကံ့ကော်မြိုင်လမ်း၊ မြေကွက်အမှတ်(၁၅၂၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးဖေသန်း( DV-၀၀၂၄၁၈)အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ပွင့်ဝါ(၁၂/မရက(နိုင်) ၁၂၆၅၀၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးဇော်မျိုးနိုင်** | **ဦးတင်ကိုလှိုင်** |
| LL.B, D.B.L | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂/မြေညီ)၊ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၂၅၀၂၉၀၇၈၁၊ ၀၉-၂၅၀၉၇၁၇၂၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်း၊အမှတ် (၂၉/က)၊အလျား ၂၅ပေ ၊ အနံ ၃၀ပေရှိ မြေကွက်နှင့်လည်းကောင်း၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်(၁) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်အေး ၇/ညလပ(နိုင်)၀၈၆၃၀၈ ၊ အမှတ်(၂၇)၊ သုခဝတီလမ်း၊အမှုထမ်းရပ်ကွက်၊သန်လျင်မြို့နေသူထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုသောမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက် ကုန်ဆုံးပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၀)**
**အမှတ်(၇/က)၊မဗ္ဗရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၁၇၁၃**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ ဦးပိုင်အမှတ်-၇၈ᵂ/၇+ပိုင်ဆိုင် ခွင့် (L) မြေမျိုးနှင့် အတန်းမြို့မြေဧရိယာ (၀.၇၉၀)ထဲမှ အိမ်ရှေ့မျက်နှာစာ (၁၁)ပေ၊ အိမ်အနောက် (၂၃)ပေ၊ အရှေ့အနောက် (၂၉၅)ပေ၊ (၁၁x၂၃x၂၉၅)ပေ အကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်မြင့် (၇/လပတ(နိုင်)၁၅၅၈၅၂)ထံမှ ဝယ်ယူရန်အတွက် အပိုင်ဝယ်ယူသူ ဦးကို ကိုဒွေး (၇/နဂလ(နိုင်)၁၄၄၅၉၄)၊ ဒေါ်မေတ္တာမွန် (၇/လပတ(နိုင်)၁၆၅၄၂၈)တို့သည် (၂၆-၅-၂၀၂၄) ရက်တွင် တစ်လုံးတစ်ခဲတည်း အပြေအကြေပေးချေကာ အပိုင်ဝယ်ယူပြီးနောက် ထိုနေ့တွင် လက်ရောက်ရရှိကာ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်နေထိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုဒွေးနှင့် ဒေါ်မေတ္တာမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၃၀၁၄ (၂၇-၇-၂၀၁၇)**
**LL.B, DBL, Dip in Eng DL-101 WIPO (Switzerland)**
**(၄၅)မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ် (၄၁)၊ ဦးပိုင်အမှတ် (၂၃/၃+၄၄)၊ မြေချိန်ဧရိယာ ၀.၁၄၈ဧကရှိ မြေကွက်သည် မူလက ဒေါ်ချို(ခ)မြင့်မြင့်ဝင်း အမည်ဖြင့် (၁၆-၇-၂၀၂၂)ရက်နေ့အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဝင်း(ခ)ရီချို(ခ)ရင်ရင်စိန် ၁/မကန(နိုင်) ၀၈၂၁၆၁က ၎င်း ၏သားဖြစ်သူ ဦးထွန်းကြည် ၁/မကန(နိုင်)၀၉၃၇၂၃ အမည်အားဖြည့်စွက်၍ ဒေါ်မြင့်မြင့်ဝင်း(ခ)ရီချို(ခ)ရင်ရင်စိန်ပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်(အမည်ဖြည့်စွက်/အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြစ်ကြီးနားမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၂၄ခုနှစ် တရားမကြီးမှုအမှတ် ၇ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၈**

| | | |
|---|---|---|
| ဒေါ်သင်းသင်းသွယ် | နှင့် | ၁။ ဒေါ်ခင်နန်းဌေး |
| | | ၂။ ဦးဝင်းမောင်မောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ဗိုလ်စိန်မှန်လမ်း၊ မင်္ဂလာအောင်မြေရပ်ကွက်၊ ရွှေညောင်မြို့နေ (၁) တရားရှုံး ဒေါ်ခင်နန်းဌေး (ယခုနေရပ် လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၄ခုနှစ် တရားမကြီးမှုအမှတ် - ၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီ အချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ ဆရာစံလမ်းရှိ ဆောင်းနှင်းဖြူတည်းခိုခန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲအုပ်ချုပ်ပိုင်ခွင့်အရပ်ရပ်အား မမေတ္တာမွန် (၇/လပတ(နိုင်)၁၆၅၄၂၈)သည် မအေးအေးမော် (၇/နတလ(နိုင်)၁၃၄၇၃၂)ထံသို့ (၁၄-၇-၂၀၂၃) ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ထားခြင်းအား ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း မအေးအေးမော်နှင့်အတူ အများသိစေရန် ကြေညာအပ်ပါသည်။

**မမေတ္တာမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၃၀၁၄ (၂၇-၇-၂၀၁၇)**
**LL.B, DBL, Dip in Eng**
**DL-101 WIPO (Switzerland)**
**(၄၅)မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ည+ဠ)တိုးချဲ့ရပ်ကွက်၊ သုနန္ဒာလမ်းမ၊ မြေကွက်အမှတ်(၁၄)၊ အကျယ်အဝန်းအလျား(၆၀ပေ) Xအနံ (၆၀ပေ)မြေအတွင်းမှ ဦးလှဝင်း ဂရန်အမည်ပေါက် ခြေရင်းခြမ်း အလျား(၂၀ပေ) Xအနံ (၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းမြင့်၊ ဒေါ်သိန်းသန်း၊ ဒေါ်စန်းစန်းတို့မှ လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ၃၀-၅-၂၀၂၄ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ထက်ကျော် လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးယုမော်(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၃)**
**အမှတ်(၆၂၃)၊ ရော(၁၄)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၂၇၃၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ သလ္လာရပ်ကွက်၊ နယ်မြေ(၄)၊ ငွေသော်တာလမ်း၊အရှေ့လားသော်-ဦးအေးဝင်း နေအိမ်ဝင်းမြေ၊ အနောက်လားသော်-ငွေသော်တာလမ်း၊တောင်လားသော်-ဒေါ်ကျော့နေအိမ်ဝင်းမြေ၊မြောက်လားသော်- ဒေါ်တင်ဌေး နေအိမ်ဝင်းမြေ စသည့်အလား(၄)ရပ်အတွင်းရှိ အလျား(၂၀)ပေ၊ အနံ(၆၀)ပေရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူများဟု အဆိုပြုရောင်းချသူများဖြစ်သော(၁)ဒေါ်တင်လေး ၅/မရန(နိုင်)၀၅၆၃၃၂၊ (၂)ဦးသိန်းထွန်း (MYA-၀၁၆၉၄၆)၊(၃) ဦးသိန်းဝင်း ၅/မရန(နိုင်)၀၅၄၇၇၄၊ (၄) ဦးစိုးမြင့်ဝင်း ၅/မရန(နိုင်)၃၀၁၃၈၁၊(၅)(ဦးကျော်ဌေး)-ဒေါ်မေသင်းနွယ် ၅/မရန(နိုင်)၀၅၈၅၈၀တို့ထံမှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မြဝတီရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းဌေး ၅/ဒပယ(နိုင်)၀၅၂၉၆က လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် ၂၄-၅-၂၀၂၄ရက်က စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အပြီးသတ် အရောင်းအဝယ် ပြုလုပ်ချုပ်ဆိုတော့မည်ဖြစ်ပါ၍ အဆိုပါဝင်းမြေ အရောင်းအဝယ် ပြုလုပ်သည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးစီးအောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းမီမီဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၄၉၆၈(၁၃-၁၁-၂၀၁၈)၊**
**သလ္လာရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၂၅၆၀၆၅၂၀၁၊ ၀၉-၉၇၇၃၅၉၉၉၃**

## ပျောက်ဆုံးကြောင်း

ဦးဟန်လီ၏သမီး ဒေါ်နုနုရီ ၁၃/ကလန(နိုင်)၀၂၄၃၄၈၏ နိုင်ငံကူးလက်မှတ် ၃၄၀၃၈၅ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၅၃၂၃၈**

## အမည်မှန်

ပန်းတနော်မြို့၊ အထက (၁) Grade-10အောင်မှ (ဘ) ဦးကျော်ဇေယျာထွန်း၏သား မောင်နေသူရှိန်၏ အမည်မှန်မှာ မောင်နေသူရိန် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပ န်း တ နော် မြို့ န ယ်၊ အထက(ခွဲ) ဒေါ်ဝါးကျောင်း၏ Grade-11 အောင်မှ မမြတ်စန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်မြင့် ၈/မတန (နိုင်) ၀၀၀၃၄၃ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ သဲဖြူဝအနောက်ရွာနေ ဦးဝင်းရွှေ၏သမီး မဝေဝေလွင် ၉/မခန(နိုင်) ၃၃၅၈၇၉ ၏ ပတ်စ်ပို့အမှတ် MG.061654 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၀၂၆၇၇၈၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်၊ အိမ်အမှတ် (ခူ/၂၉၉)၊ သရက်မြိုင်လမ်းနေ ဒေါ်နော်လေးဒါ (ဘ) ဦးဒေါ်နယ် (၂/လကန(နိုင်)၀၀၁၉၀၈)၏ခင်ပွန်းဖြစ်သူ ဦးအောင်မိုး (၁၃/ဖခန(နိုင်)၀၄၉၉၉၁) (ဘ)ဦးစိုးမြင့်သည် ၁၅-၂-၂၀၂၀ရက်တွင် နေအိမ်မှထွက်သွားပြီးနောက် ဦးအောင်မိုးအား ယနေ့အထိ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍မရသည့်အတွက် ဦးအောင်မိုးနှင့် ပတ်သက်သည့်ကိစ္စအဝဝအား ဇနီးဖြစ်သူ ဒေါ်နော်လေးဒါမှ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နော်လေးဒါ ၂/လကန(နိုင်)၀၀၁၉၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City) အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ၊ RC (၂၆)ထပ်တိုက်မှ Galaxy Tower (T4)၊ Zone (C)၊ အခန်းအမျိုးအစား (A)၊ (1SBR)၊ အခန်းအမှတ် (၂၁၀၃)၊ (၂၁လွှာ)၊ အကျယ်အဝန်း (၇၂၈) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစူးရှထူးကြည် (၁၂/ဒဂန(နိုင်)၀၃၅၆၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နွယ်ဒါလီထွန်း (၁၂/လမန(နိုင်)၁၃၂၆၆၁)မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွယ်ဒါလီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၆)၊ မြေကွက်အမှတ် (၂၅၆)ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးစိုးတင့် (CF-၁၀၆၄၀၆)အမည်ပေါက် အလျားပေ ၄၀xအနံပေ ၆၀၊ စတုရန်းပေ (၂၄၀၀) မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသောမြေကွက်၏ (ပါမစ်မူရင်းခြမ်း) (အမှတ် ၂၅၇)နှင့် ကပ်လျက် ဘက်ခြမ်း) အလျားပေ ၂၀xအနံပေ ၆၀၊ စတုရန်းပေ ၁၂၀၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းခမ်းအေး (၁၃/ကမန(နိုင်)၀၂၁၀၆၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးသန့်ကျော်ဝင်း (၁၂/ကမရ(နိုင်)၀၅၁၆၄၉)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ကျော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B, D.B.L)** | **ဒေါ်မြတ်နိုးခင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁ (၁၃-၉-၂၀၁၂)** | **စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ် (၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ဈ)ရပ်ကွက်၊ စက္ကဝတ်(၄)လမ်း၊ မြေကွက်အမှတ်(ခ/၂၀၃)၊ အကျယ်အဝန်း အလျား(၂၀ပေ) Xအနံ (၆၀ပေ)ရှိ ဦးအောင်မောင်း ဂရန်အမည်ပေါက် အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်တင်မြင့်၊ ဦးမျိုးမြင့်၊ ဦးဟန်မြင့်နိုင်တို့မှ လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးလင်းနှင့် ဒေါ်ဆုမွန်ကြည်တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ၂၅-၅-၂၀၂၄ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးလင်းနှင့် ဒေါ်ဆုမွန်ကြည် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးယုမော်(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၃)**
**အမှတ်(၆၂၃)၊ ရော(၁၄)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၂၇၃၈၅**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကျန်းမာရေးဌာနသုံးပစ္စည်း၊ စက်ပစ္စည်း၊ ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** – Tender.4.Med & Med Supplies (2nd) (2024–2025)
– Tender.5.Equipment (2nd) (2024–2025)
**တင်ဒါစတင်သည့်ရက်** – ၄-၆-၂၀၂၄ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** – ၁၇-၆-၂၀၂၄ရက် မွန်းတည့် (၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ် (၁၁)ရပ်ကွက်၊ ရွှေစေတီလမ်းနေ ကျွန်တော် ဦးစောနေလင်းထက် ၁၄/မအပ(နိုင်)၁၅၉၇၉၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၀၄၄၄၈၁

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ အမှတ် (၆)ရပ်ကွက်၊ ကုသိန္နာရုံလမ်းနေ ကျွန်မ ဒေါ်အိအိဖွေး ၁၄/ပသန (နိုင်)၃၁၀၆၇၂၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၂၃၅၂၃၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ သစ်မင်းလမ်း၊ မြေကွက်အမှတ် (၅၀၀)၊ မြေအကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဦးချစ်လှိုင် အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းခိုင် (၃/ဘအန(နိုင်)၀၀၂၁၆၄)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်ဖြူ(၂)လမ်း၊ အမှတ်-၃/၁၁၉ ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၁၁၉၊ ရေိယာ ၀.၀၇၅ ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဒေါ်နန်းလှကြည်(ခ)ဒေါ်ဆောင်း သန္တာဦး ၁၃/လခန(နိုင်)၀၂၀၉၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**တိုက်အမှတ်-၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း ၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဒဂုံမြို့နယ်၊ (၇၂)ရပ်ကွက်၊ ငုဝါလမ်း၊အမှတ် ၄၈၁/ကနေ ဦးရဲထွဋ်နိုင်နှင့် ဒေါ်ခင်စန်းငွေတို့၏ သားဖြစ်သူ မောင်အောင်မင်းခန့် ၁၂/ဒဂတ(နိုင်)၁၅၁၈၇၆ သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ် မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးရဲထွဋ်နိုင်-ဒေါ်ခင်စန်းငွေ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
